ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်၊ ကြာသပတေးနေ့၊ (27-7-2006) (၅၀၃၁)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဇူလိုင် ၁၄ ရက်မှ စတင်တိုက်ခတ်ခဲ့သော ဘီလစ်ခေါ် အပူပိုင်းမုန်တိုင်းဒဏ်ကြောင့် ဟူနန်၊ ကွမ်တုန်း၊ ကွမ်ရှီးနှင့် ဖူကျန့်ပြည်နယ်များ၌ ရေကြီးမှု၊ မြေပြိုမှုနှင့် လမ်း၊ တံတားပျက်စီးမှုများကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဇူလိုင် ၁၄ ရက်မှ စတင်တိုက်ခတ်ခဲ့သော ဘီလစ်ခေါ် အပူပိုင်းမုန်တိုင်းဒဏ်ကြောင့် ဟူနန်၊ ကွမ်တုန်း၊ ကွမ်ရှီးနှင့် ဖူကျန့်ပြည်နယ်များ၌ ရေကြီးမှု၊ မြေပြိုမှုနှင့် လမ်း၊ တံတား ပျက်စီးမှုများကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ကျန်းချင်းဟုန်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စိုက်ခင်းများကို လှည့်လည်ကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လားရှိုးမြို့သို့ ရောက်ရှိလာရာ ကြိုဆိုသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော် ဇူလိုင် ၂၆

မန္တလေးတိုင်း ပြင်ဦးလွင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဇူလိုင် ၂၄ ရက် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ပြင်ဦးလွင်မြို့မှ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သို့ ရောက်ရှိကြသည်။

ကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက လားရှိုးလေဆိပ်တွင် ကြိုဆိုကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၇-၇-၂၀၀၆
(ကြာသပတေးနေ့)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တစ်ကိုယ်ရေသန့်ရှင်းမှု အလေးဂရုပြု

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါကြိုတင်ကာကွယ်ရေးသည် အဓိကအလေးထားရမည့် အချက်ဖြစ်သည်။ ယခုအချိန်အခါတွင် မိုးအဆက်မပြတ် ရွာသွန်းလျက်ရှိရာ အအေးမိနှာစေးအဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းလျှော ဝမ်းပျက်ရောဂါ၊ မျက်စိနာ မျက်မြေးရောင်ရောဂါများ မဖြစ်ပွားစေရန် ကျန်းမာရေးသတိဖြင့် ကြိုတင်ကာကွယ်သွားကြရမည် ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တို့တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျားအကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်ဖြစ်ပွားခြင်းဖြစ်သည်။ ခြင်ပုန်းများ မပေါက်ပွားစေရန်နှင့် ခြင်ကိုက်မခံရစေရန် ရေစည်ရေအိုးများကို လုံခြုံစွာ ဖုံးအုပ်ထားခြင်း၊ ရေအိုး၊ ညောင်ရေအိုးတို့မှ ရေကို နေ့စဉ်လဲလှယ်ပေးခြင်း၊ ပိုးလောက်လန်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ခြင်း၊ ခြင်ထောင်၊ ဆေးစိမ်ခြင်ထောင်တို့ကို အသုံးပြု၍ အိပ်စက်ခြင်းတို့ကို သတိပြုလုပ်ဆောင်ကြရမည်ဖြစ်သည်။

မိမိအိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော နေရာများအား မြေဖို့ခြင်း၊ အိမ်ပတ်ဝန်းကျင်ရှိ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန် ရှင်းလင်းခြင်း၊ မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့ စသည်တို့အား ရှင်းလင်းခြင်း၊ အိမ်တွင်းအိမ်ပြင် သန့်ရှင်းစွာထားရှိခြင်းတို့ကို အခါမလပ် ပြုလုပ်ကြရန် လိုအပ်ပေသည်။

မကြာသေးမီရက်ပိုင်းများမှစ၍ လူအချို့တွင် မျက်စိနာရောဂါများ ဖြစ်ပွားလျက်ရှိကြောင်း တွေ့မြင်ရသည်။ မျက်စိနာ မျက်မြေးယောင်သူအများစုသည် ရုတ်တရက် မျက်စိနီရဲလာပြီး မျက်ရည်ကျခြင်း၊ ယားယံခြင်းတို့ကြောင့် ပွတ်သပ်မိရာမှ မျက်စိနာလာကြခြင်း ဖြစ်သည်။

မျက်စိနာခြင်းသည် မျက်စိတစ်ဖက်မှ အခြားတစ်ဖက်သို့ လျင်မြန်စွာ ကူးစက်သကဲ့သို့ လူတစ်ဦးမှ အခြားတစ်ဦးသို့လည်း အလွယ်တကူ ကူးစက်နိုင်သည်ဖြစ်ရာ တစ်ကိုယ်ရေသန့်ရှင်းမှုဖြင့် ကြိုတင်ကာကွယ်ထားကြရမည်ဖြစ်သည်။ မျက်စိနာသူများနှင့်အတူ ရေဇလုံတစ်ခုတည်းတွင် မျက်နှာသစ်ခြင်း၊ ရေကူးကန်တွင် ရေကူးခြင်း၊ မျက်နှာသုတ်ပဝါ၊ လက်သုတ်ပဝါ၊ မျက်မှန်များ အတူတကွ အသုံးပြုခြင်း၊ မျက်စိကို မလိုအပ်ဘဲ လက်ဖြင့် ပွတ်သပ်ခြင်းများကို ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော နှိုးဆော်ချက်များ၊ ပညာပေးဆောင်းပါးများ၊ ဆောင်ပုဒ်များကို တိကျစွာ လိုက်နာခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး အလေးထား၍ ကျန်းမာရေးသတိဖြင့် ဆင်ခြင်စားသောက်နေထိုင်ခြင်း၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် စဉ်ဆက်မပြတ် ပူးပေါင်းပါဝင် ဆောင်ရွက်ကြခြင်းတို့ဖြင့် လူတိုင်းလူတိုင်း ရောဂါဘယကင်းရှင်းပြီး ကျန်းမာခြင်းသုခဖြင့် ပြည့်စုံကြမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေ ဝယ်ယူရန်အတွက် ရန်ကုန်မြို့ လသာလမ်းနေ (ဦးစံထွန်း–အမိဒေါ်လှိုင်၊ မွေးစားဖခင်ကြီး ဦးညွန့်အောင်)အား ရည်စူး၍ သမီး ဒေါ်စောစောထွန်းက အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကျောက်ပန်းတောင်းမြို့နယ် စံကြောကျေးရွာ စက်ရေတွင်းဖွင့်ပွဲ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၂၆

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏လှူဒါန်းမှုဖြင့် ကျောက်ပန်းတောင်းမြို့နယ် စံကြောကျေးရွာ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါ ကျေးရွာ စက်ရေတွင်း၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကားပြောကြားသည်။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်းတို့ ကျောက်ပန်းတောင်းမြို့နယ် စံကြောကျေးရွာ စက်ရေတွင်းဖွင့်ပွဲတွင် ရေလှောင်ကန်အတွင်းမှ ရေများကို ရေပိုက်ခေါင်းများ ဖွင့်လှစ်၍ ရေပေးဝေပေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ စက်ရေတွင်းများ တူးဖော်ပေးနိုင်ခြင်းသည် နိုင်ငံတော်ရန်ပုံငွေ၊ စည်ပင်သာယာရေးအဖွဲ့များရန်ပုံငွေ၊ စေတနာရှင်၊ အလှူရှင်များ ပူးပေါင်းပါဝင်လှူဒါန်းလာသဖြင့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်းများ အရှိန်အဟုန် ပိုမိုမြင့်မားလာခြင်း ဖြစ်ပါကြောင်း၊ မန္တလေးတိုင်းတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ တိုင်းစစ်ဌာနချုပ်တို့နှင့် အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များဖြစ်သည့် တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့နှင့် ပုဂ္ဂလိကစေတနာရှင်၊ ကုသိုလ်ရှင်များ၏ မတည်လှူဒါန်းငွေများဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် တူးဖော်ပြီး စက်ရေတွင်းများအား "ကျေးလက်ရေတွင်းများ ရာသက်ပန်သုံးစွဲနိုင်ရေး အစဉ်ပြုပြင်ထိန်းသိမ်းပေး" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စနစ်တကျ ကိုင်တွယ် ထိန်းသိမ်းကြရန် မှာကြားသည်။

ထို့နောက် ကျောက်ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေမန်းက စက်ရေတွင်း တူးဖော်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျေးရွာပြည်သူများကိုယ်စား ဦးမောင်ငွေက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စက်ရေတွင်းနှင့် ပတ်သက်သော စာရွက်စာတမ်းများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ စက်ရေတွင်းအား ကျောက်ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်နွယ်နီထွန်း၊ စက်ရေတွင်း ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူးက ရေလှောင်ကန်အတွင်းမှ ရေများအား ရေပိုက်ခေါင်းများ ဖွင့်လှစ်ပေး၍ ရေပေးဝေပြီး ရေစက်အင်ဂျင်အား ခြံစည်းရိုးကြက်ဆူဆီဖြင့် မောင်းနှင်မှုကို ကြည့်ရှုစစ်ဆေးသည်။

ကျောက်ပန်းတောင်းမြို့နယ် စံကြောကျေးရွာ စက်ရေတွင်းမှာ လေးလက်မ စက်ရေတွင်း၊ တွင်းအနက်၆၉၅ ပေရှိ၍ စက်ရေတွင်းအတွက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၇၄ ဒသမ ၈သိန်း၊ ကျောက်ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၄ ဒသမ ၈၈၅ သိန်း၊ ဒေသခံပြည်သူများက ငွေကျပ် ၂ ဒသမ ၅သိန်း စုစုပေါင်း လှူဒါန်းငွေကျပ် ၁၀၂ ဒသမ ၁၈၅ သိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒီဂါကမ္ဘာ သာယာလှပ စိမ်းမြမြ

ရန်ကုန်တိုင်းစစ်ဌာနချုပ် ဟော်ကီအသင်းအတွက် ဟော်ကီဂိုးသမားဝတ်စုံနှင့် ဘောလုံးများလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် ယမန်နေ့တွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) (သုဝဏ္ဏ) ကျောက်စိမ်းခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံဟော်ကီ အဖွဲ့ချုပ်၏ စီမံစည်းရုံးမှုဖြင့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်အမှုဆောင်များဖြစ်ကြသော ဦးကျော်မင်း (MMMဆောက်လုပ်ရေး မန်နေဂျင်း ဒါရိုက်တာ)၊ ရန်ကုန်–မက္ကာ ခရီးသွားလုပ်ငန်း မန်နေဂျင်း ဒါရိုက်တာ ဦးတင်ဝင်းနှင့် ဒါရိုက်တာ ဦးမြအေးတို့က ရန်ကုန်တိုင်း စစ်ဌာနချုပ် ဟော်ကီအသင်းအတွက် ငွေကျပ် ၁၃ သိန်း၇ သောင်းတန်ဖိုးရှိ ပါကစ္စတန်နိုင်ငံလုပ် ဟော်ကီဂိုးသမား ဝတ်စုံတစ်စုံနှင့် ဟော်ကီဘောလုံးများ လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်၍ ပစ္စည်းများကို လက်ခံသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် မျိုးမြင့်(ငြိမ်း)နှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင် (ပြည်ပရေးရာတာဝန်ခံ)တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကရုဏာနှလုံးသားနှင့် မုဒိတာအပြုံးများ

ထွေးထွေးလှ (လှိုင်လင်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကို ရည်ရွယ်ချက်(၆)ရပ်ဖြင့် ၁၉၉၁ခု ဧပြီလ၃၀ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။

ရည်ရွယ်ချက်(၆)ရပ်မှာ

၁။ ကျန်းမာရေးအချက်အလက်များ၊ ပညာပေးမှုများကို သတင်းထုတ်ပြန်ခြင်း၊ ပညာပေးခြင်းနှင့် ဆက်သွယ်ပေါင်းစပ်ခြင်း အစီအစဉ်များဖြင့် တစ်ပြည်လုံးအတိုင်းအတာ ဖြန့်ဖြူးရန်၊

၂။ မျိုးဆက်ပွား ကျန်းမာရေးအပါအဝင် မိခင်နှင့်ကလေး ကျန်းမာရေး အစီအစဉ်များကို ရေးဆွဲအကောင်အထည်ဖော်ရန်နှင့် သုံးသပ်ဆောင်ရွက်ရန်၊

၃။ ကလေးသူငယ်များ စောစီးစွာ ဘက်စုံဖွံ့ဖြိုးစေရန် ရည်သန်လျက် နေ့ကလေးထိန်းဌာနများ တည်ထောင်ဖွင့်လှစ်ပေးရန်နှင့် မိခင်များအနေဖြင့် တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးရေးဆောင်ရွက်ရန်၊

၄။ ကျောင်းနေအရွယ်ကလေးများ အပြည့်အဝ ကျောင်းအပ်နှံရေးအတွက် ပညာသင်ထောက်ပံ့ကြေးပေးရန်၊

၅။ ကျေးလက်နေ ပြည်သူလူထု လိုအပ်မှုအပေါ် အခြေခံ၍ ထိရောက်သော စာတတ်မြောက်ရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

၆။ ဝင်ငွေနည်းသော မိသားစုမှ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဝင်ငွေတိုးအစီအစဉ်များ စီမံရေးဆွဲအကောင်အထည်ဖော်ပေးရန်နှင့် အသေးစား ငွေချေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်၊

အထက်ပါ မွန်မြတ်သန့်စင်သော ရည်ရွယ်ချက် မူဝါဒများ အခိုင်အမာချမှတ်လျက် အသင်း၏ လုပ်ငန်းဆိုင်ရာ အသေးစိတ်အဖွဲ့လေးဖွဲ့ကို ဖွဲ့စည်းကာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အသင်းဝင်များသည် ပြည်နယ်နှင့်တိုင်းအသီးသီးတွင် တက်ကြွနိုးကြားစွာ လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်မှာ ၁၅နှစ်ကျော်တိုင်ခဲ့ပြီဖြစ်ပါသည်။

အသင်း၏ လုပ်ငန်းဆိုင်ရာအဖွဲ့များ-

၁။ ပညာရေးဆိုင်ရာအဖွဲ့

၂။ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်ရေးအဖွဲ့

၃။ စီးပွားရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့

၄။ လူမှုရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့ တို့ဖြစ်ပါသည်။

ဖော်ပြပါ အသင်း၏ရည်ရွယ်ချက် မူဝါဒနှင့်အညီ အသင်း၏ လုပ်ငန်းဆိုင်ရာအဖွဲ့ခေါင်းစဉ်အောက်ဝယ် စေတနာအရင်းခံ၍ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသည့် ဗြဟ္မစိုရ်တရားလက်ကိုင် ထားကာ တိုင်းနှင့်ပြည်နယ်အသီးသီးတွင် လှုပ်ရှားဆောင်ရွက်လျက်ရှိကြသောအသင်းများစွာအနက် ရှမ်းပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းလက်အောက်ခံ ကျွန်မတို့ လှိုင်လင်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၀၅-၂၀၀၆ခုနှစ်အတွင်း လှုပ်ရှားမှုပုံရိပ်များကို ဤစာမျက်နှာပေါ်မှတစ်ဆင့် ပုံဖော်တင်ပြရသော်-

ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်တိုင် ဦးဆောင်လျက် လှိုင်လင်ခရိုင်(ခုတင်-၂၀၀)အထူးကုဆေးရုံမှသမားတော်ကြီးများနှင့်အတူ ၁၀-၉-၂၀၀၅မှ၂၅-၃-၂၀၀၆ အထိ လှိုင်လင်ခရိုင်အတွင်းရှိ လဲချားမြို့နယ်၊ ပင်လုံမြို့နယ်၊ မိုင်းကိုင်မြို့နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းရှူးမြို့နယ်၊ မိုင်းနောင်မြို့နယ်၊ ကွန်ဟိန်းမြို့နယ်၊ မိုင်းပွန်မြို့နယ်တို့မှ ဝေဒနာရှင်လူနာ ၁၈၄၅ဦးတို့အား သမားတော်ကြီးများက အခမဲ့ ခွဲစိတ်ကုသပေး၍ ကုန်ကျသောဆေးဖိုးဝါးခများအား ကျွန်မတို့အသင်းမှ ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

ရောဂါအခြေအနေ ဆိုးရွားပြင်းထန်သော လူနာ၄၀တို့အား လှိုင်လင်ခရိုင် (ခုတင်-၂၀၀) အထူးကုဆေးရုံကြီးသို့ ခေါ်ဆောင်၍ အခမဲ့ ခွဲစိတ်ကုသပေးခြင်းများကိုလည်း စိတ်ထားဖြူစင်စွာဖြင့် အာယုဒါနပြုခဲ့ကြပါသည်။

ဆင်းရဲနွမ်းပါးသည့်အပြင် ရောဂါအခြေအနေအရ မျှော်လင့်ချက်ကင်းမဲ့နေပြီဖြစ်သော သားအိမ်တွင် အလုံးအကျိတ်ရှိသူ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးအား မီးယပ်သားဖွားအထူးကု ဒေါက်တာစံအေးကြည်နှင့်အတူ ကျွန်မတို့ အသင်းဝင်များက ဆေးဖိုးဝါးခ ကုန်ကျစရိတ်များ လှူဒါန်းလျက် သမားတော်ကြီးများက အခမဲ့ ခွဲစိတ်ကုသပေးသဖြင့် မိခင်ရော ကလေးပါ ဘေးကင်း၍ ရန်ကွာခဲ့ရသည့် အောင်မြင်မှုကိုလည်း မှတ်တမ်းတင်မော်ကွန်းထိုးအပ်ပါသည်။

လဲချားမြို့နယ်၌ လည်ပင်းကြီးလူနာရှစ်ဦး၊ အူကျလူနာလေးဦး၊ လိင်အရေပြားပိတ် လူနာတစ်ဦး၊ သားအိမ်တွင် အလုံးအကျိတ်ရှိ၍ သားအိမ်ထုတ်ရန် လိုအပ်သော အမျိုးသမီးလူနာနှစ်ဦးတို့ကို လှိုင်လင်ခရိုင် (ခုတင်-၂၀၀) အထူးကုဆေးရုံကြီးသို့ ခေါ်ဆောင်လျက် အခမဲ့ ခွဲစိတ်ကုသပေးခဲ့ကြပါသည်။

မိုင်းကိုင်မြို့နယ်၌ ပညာရေးကို ကြိုးစားသင်ယူနေကြသော အခြေခံပညာအထက်တန်းကျောင်းမှ မွေးရာပါ မသန်စွမ်းကျောင်းသား ၁၈ဦးတို့အား ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့လှူဒါန်းခဲ့ကြပါသည်။

ကျွန်မတို့အသင်းသည် မိုင်းကိုင်မြို့နယ် လွယ်ပူတောက်ကျေးရွာမှ မျက်စိအလင်းချို့ယွင်းကာ မျက်လုံးတွင် တိမ်စွဲနေသော ဝေဒနာရှင်နှစ်ဦးတို့အား လှိုင်လင်ခရိုင် (ခုတင်-၂၀၀)အထူးကုဆေးရုံကြီးသို့ ခေါ်ဆောင်လျက် ဒေါက်တာကိုကိုသန်းက အခမဲ့ခွဲစိတ်ကုသပေးရင်း အလင်းဆောင်ကောင်းမှုပြုခဲ့ပါသည်။

ခရိုင်အတွင်းရှိ မြို့နယ်၊ ကျေးရွာအသီးသီးမှ အဘိုးအို၊ အဘွားအို ၁၀၉ဦးတို့အား တစ်ဦးလျှင် ခြုံစောင်တစ်ထည် ငွေကျပ် ၃၀၀၀နှင့် ဆေးဝါးပစ္စည်းများလည်း လှူဒါန်းခဲ့ကြပါသည်။

“တိုင်းနှင့်ပြည်နယ် တစ်ခုစီတွင် ကြက်ဆူပင် ကေ၁သိန်းစီ သုံးနှစ်အတွင်း စိုက်ပျိုးရန်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကေခုနစ်သန်းစိုက်ပျိုးရန်”ဟူသော နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ မိုင်းနောင်မြို့နယ်တွင် ကြက်ဆူပင်ကေ၁၀၀ စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်၍ စိုက်ပျိုးပေးခဲ့ပါသည်။

ထို့အပြင် နယ်စွန်နယ်ဖျား ကျေးလက်ဒေသနေ ပြည်ထောင်စုဖွား သွေးချင်းများ၏ စာပေဗဟုသုတပြည့်ဝစေရန်၊ အသိဉာဏ် အတွေးအခေါ် အမြော်အမြင်စုံလင်စေရန်၊ လူ့စွမ်းအားအရင်းအမြစ်နှသစ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်သန်လျက် **“စာတတ်သူတိုင်းစာဖတ်ဖို့၊ စာကြည့်တိုက်များ ထူထောင်စို့”**ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်ထားသော ကွန်ဟိန်းမြို့နယ် ကာလိကျေးရွာစာကြည့်တိုက်၊ ကျေးသီးမြို့နယ် စာကြည့်တိုက်၊ မိုင်းပွန်မြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် စာကြည့်တိုက်တို့၌ သုတစုံလင်စာအုပ် စာတမ်းများ၊ မဂ္ဂဇင်းများနှင့် စာစောင်များ ပညာဒါနမြောက် လှူဒါန်းခဲ့ကြပါသည်။

ခရိုင်အတွင်းရှိ မြို့နယ်အသီးသီး၊ ကျေးရွာအသီးသီးသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကာ ဒေသခံတိုင်းရင်းသူများအား တွေ့ဆုံ၍ အသင်း၏လုပ်ငန်းဆောင်ရွက်မှုများ၊ ရှေ့ဆက်လုပ်ဆောင်သွားမည့် စီမံချက်များအကြောင်းနှင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဆိုင်ရာ ပညာပေး ဆွေးနွေးပွဲများကိုလည်း ဒေသခံများ နားလည် သဘောပေါက်လာသည့်တိုင်အောင် ကြိုးစားလှုပ်ရှားကာ ဆောင်ရွက်ခဲ့ကြပါသည်။

“သူတစ်ပါးတို့၏ ကောင်းကျိုးကို သယ်ပိုးခြင်းသည် တာဝန်တစ်ရပ်မဟုတ်ပါ။ အခွင့်ထူးတစ်ရပ် ဖြစ်ပါသည်။ ထိုသို့ သယ်ပိုးခြင်းသည် ဝမ်းမြောက်ပျော်ရွှင်မှုကိုဖြစ်စေပြီး ကျန်းမာစွာဖြင့် ချမ်းသာစွာနေထိုင်ရေးအတွက် အထောက်အကူ ဖြစ်စေသည်။”

ဗိုရှိအက်စတာ

မှန်ပါသည်။

ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌသည် ကျွန်မတို့ ခရိုင်၊ မြို့နယ်၊ ကျေးရွာ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့်တွေ့တိုင်း “ကျွန်မတို့ဟာ ဆရာဝန်များ မဟုတ်ပေမယ့် လူတစ်ယောက်ရဲ့ အသက်တစ်ချောင်းကို ကယ်တင်လို့ရပါတယ်”ဟု အားတက်ဖွယ်၊ ဝမ်းမြောက်ဖွယ်စကား အမြဲပြောလေ့ရှိပါသည်။

ကျွန်မတို့သည် ရိုးသားပွင့်လင်းသော သွေးချင်းများနှင့် ထိတွေ့ဆက်ဆံရပြီး ဆေးဝါးကုသပေးခွင့်ရခြင်း၊ အသိဉာဏ်ပညာ ဗဟုသုတ ဖြန့်ဝေခွင့်ရခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် ကူညီဖြည့်ဆည်းပေးခွင့်ရခြင်းများအတွက် ကြီးမားသော အခွင့်ထူးကြီးတစ်ရပ်ကို ပိုင်ဆိုင်ရခြင်းဖြစ်သောကြောင့် များစွာဝမ်းသာမိပါသည်။ စေတနာ ဝေဖြာလွှန်းလှပါသော သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၏ စေတနာအခန်းကိုလည်း မှတ်တမ်းတင်ထိုက်လှပေသည်။

ကျွန်မတို့ ကူညီကုသပေး၍ ကျန်းမာလာသော လူနာများသည် ပွင့်လင်းရိုးသားစွာ မျက်ရည်ကြားမှ အားတင်းရင်း ကျေးဇူးတင်စကားကို မုဒိတာအပြုံးများဖြင့် ဆို့နင့်စွာ ပြောလာသောအခါ ကျွန်မတို့မှာလည်း ကရုဏာမျက်ရည်များ ဝိုင်း၍လည်ရပါသည်။

မည်သို့ပင်ဆိုစေ ကျွန်မတို့ လှိုင်လင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် စေတနာပန်းခင်းတို့အလယ်တွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ အသီးအပွင့်များဖြင့် ဒေသတစ်ခွင်လုံးအား ဆက်၍ ဆက်၍ အလှဆင်သွားပါဦးမည်။ ။

ရိုးသားပွင့်လင်းသော သွေးချင်းများနှင့် ထိတွေ့ဆက်ဆံရပြီး ဆေးဝါးကုသပေးခွင့်ရခြင်း၊ အသိဉာဏ်ပညာ ဗဟုသုတ ဖြန့်ဝေခွင့်ရခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် ကူညီဖြည့်ဆည်းပေးခွင့်ရခြင်းများအတွက် ကြီးမားသောအခွင့်ထူးကြီးတစ်ရပ်ကို ပိုင်ဆိုင်ရခြင်းဖြစ်သောကြောင့် များစွာဝမ်းသာမိ။ စေတနာ ဝေဖြာလွှန်းလှပါသော သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၏ စေတနာအခန်းကိုလည်း မှတ်တမ်းတင်ထိုက်လှ။

ဆက်ကပ်လှူဒါန်း

သန်လျင်မြို့ မြို့ဟောင်း အလကပညာရေးမိသားစု ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၇ရက်က ကျောင်းခန်းမ၌ ကျင်းပရာ မဟာမဇ္ဈိမာရုံဆရာတော်အား ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ထားဝင်းက ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

(ပညာရေး)

ဒဂုံမြို့သစ်(တောင်ပိုင်း) (၁၀၇) ရပ်ကွက် သံဃာ့နာယက ဥက္ကဋ္ဌ ဘဒ္ဒန္တစန္ဒိမာ အမှူးပြုသော ပင့်သံဃာ ၂၉ ပါးတို့အား ပြည်လုံးချမ်းသာစေတီတော် ဂေါပကအဖွဲ့က ဦးဆောင်၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၆ ရက်က ကျင်းပရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးပေါ်များဌေးနှင့် အမှုဆောင်များက ဝါဆိုသင်္ကန်းကပ်လှူကြစဉ်။

(ပြန်/ဆက်)

အင်ဒိုနီးရှား၌ သဘာဝဘေးအန္တရာယ်များကြောင့် စီးပွားရေးတိုးတက်မှု အဟန့်အတားဖြစ်စေခဲ့

ဂျကာတာ ဇူလိုင် ၂၅

အင်ဒိုနီးရှားနိုင်ငံ၌ ယခုနှစ်တွင် သဘာဝဘေးအန္တရာယ်များ ဆက်တိုက်ကျရောက်ခဲ့မှုကြောင့် နိုင်ငံ၏စီးပွားရေးတိုးတက်မှုကို အဟန့်အတားဖြစ်စေခဲ့ကြောင်း အင်ဒိုနီးရှားဘဏ် အုပ်ချုပ်ရေးမှူး ဘာဟာနူဒင်အဗ္ဗဒူလာက ပြောကြားသည်။

နိုင်ငံအတွင်း ဒေသအများအပြားတွင် ကျရောက်ခဲ့သည့် သဘာဝဘေးအန္တရာယ် အမျိုးမျိုးကြောင့် ချမှတ်ထားသည့် စီးပွားရေး ရည်မှန်းချက်သို့ ရောက်ရှိ နိုင်ဖွယ်မရှိကြောင်း ဘာလီကျွန်း၌ သောကြာနေ့တွင် အဗ္ဗဒူလာ၏ ပြောကြားချက်ကို ကိုးကားလျက် အန်တာရာသတင်းဌာနက ဖော်ပြသည်။

ရည်မှန်း

ယခုနှစ်တွင် စီးပွားရေး တိုးတက်မှု ၅ ဒသမ ၂ ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားကြောင်း၊ ယခုနှစ် ခုနစ်လတာကာလအတွင်း စီးပွားရေး တိုးတက်မှု ၂ ဒသမ ၄ ရာခိုင်နှုန်းသာ ရရှိထားကြောင်း ၎င်းက ပြောကြားသည်။

မြေငလျင်လှုပ်မှု၊ရေလွှမ်းမိုးမှု၊မိုးခေါင်မှုနှင့် ဆူနာမီရေလှိုင်းဖြစ်ပေါ်မှုတို့ကြောင့် အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို အဟန့်အတားဖြစ်စေခဲ့ကြောင်း ဘဏ်လုပ်ငန်းကိုယ်စားလှယ်များ ဖိုရမ်တစ်ရပ်တွင် အဗ္ဗဒူလာက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှားနိုင်ငံ ပန်ဂန်ဒါရန်ဒေသ၌ ဆူနာမီရေလှိုင်းများဖြစ်ပေါ်ပြီးနောက် အပျက်အစီးများကို ဇူလိုင် ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မြေပြင်မှ ဝေဟင်ပစ်ဒုံး အိန္ဒိယစမ်းသပ်ပစ်ခတ်

နယူးဒေလီ ဇူလိုင် ၂၅

အိန္ဒိယနိုင်ငံသည် မြေပြင်မှ ဝေဟင်ပစ် ဒုံးလက်နက်တစ်မျိုးကို နိုင်ငံအနောက်ပိုင်း ဩရိဿပြည်နယ်ရှိ ကာကွယ်ရေး အခြေစိုက်စခန်းတစ်ခုမှ တနင်္ဂနွေနေ့တွင် စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း အင်ဒို-အေးရှားသတင်းဌာနက တနင်္လာနေ့တွင်သတင်းထုတ်ပြန်သည်။

စမ်းသပ်သည့် ဒုံးမှာ ထရိုင်ရှူးအမည်ရှိ ဒုံးဖြစ်ပြီး သုံးမီတာရှည်ကာ အချင်း စင်တီမီတာ ၂၀၀ ရှိကြောင်း၊ ရွေ့ပြောင်းနိုင်သော ဒုံးပစ်စင်တစ်ခုကို အသုံးပြု၍ စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကားလျက် အင်ဒို-အေးရှား သတင်းဌာနက ဖော်ပြသည်။

အိန္ဒိယနိုင်ငံ၏ ပဲ့ထိန်းဒုံးများ တီထွင်ထုတ်လုပ်ရေး အစီအစဉ်အရ တည်ဆောက်ထားသော ထရိုင်ရှူးဒုံးကို ကိုးကီလိုမီတာ အကွာအဝေးအတွင်းသို့ ရောက်ရှိအောင် ပစ်ခတ်နိုင်စွမ်းရှိပြီး အလေးချိန် ၁၅ ကီလိုထိ ကျည်ဖူး (ထိပ်ဖူး)ကို သယ်ဆောင်နိုင်စွမ်းရှိကြောင်း ကာကွယ်ရေး သုတေသနဖွံ့ဖြိုးရေးအဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ၏ လစူးစမ်းလေ့လာရေး အဓိကလုပ်ငန်းကြီးလေးရပ် ပါဝင်

ပေကျင်း ဇူလိုင် ၂၅

တရုတ်နိုင်ငံ၏ လစူးစမ်းလေ့လာရေး အစီအစဉ်တွင် အဓိကလုပ်ငန်းကြီး လေးရပ်ပါဝင်ကြောင်း တရုတ်ထိပ်တန်း သိပ္ပံပညာရှင်တစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံ၏ လစူးစမ်းလေ့လာရေး အစီအစဉ်၏ အဓိကလုပ်ငန်းကြီးလေးရပ်မှာ လ၏ သုံးဖက်မြင်မြေပုံရေးဆွဲခြင်း၊ တိုက်တေနီယမ်နှင့် ဟေလီယမ်အပါအဝင် ဓာတ်သတ္တုဒြပ်စင် ၁၄ မျိုးနှင့်ပတ်သက်၍ သရုပ်ခွဲလေ့လာခြင်း၊ လမျက်နှာပြင်၏ အပူချိန်ကို မိုက္ကရိုဝေ့ဗ် ရောင်ခြည်ဖြာထွက်မှုနည်းပညာဖြင့် တိုင်းတာမှတ်သားခြင်းနှင့် ကမ္ဘာနှင့်လတို့၏ အာကာသဆက်နွှယ်မှုကို စူးစမ်းဖော်ထုတ်ခြင်းတို့ဖြစ်ကြောင်း တရုတ်သုတေသနကော်မတီ၏ (၃၆)ကြိမ်မြောက် သိပ္ပံရေးရာညီလာခံတွင် ထိပ်တန်းသိပ္ပံပညာရှင်တစ်ဦးက ပြောကြားသည်။ တရုတ်သိပ္ပံအေဂျင်စီသည် တရုတ်နိုင်ငံ၏ ပထမဆုံးသော လစူးစမ်းလေ့လာရေးယာဉ်ကို ၂၀၀၇ ခုနှစ်တွင် စေလွှတ်မည်ဖြစ်သည်။ တရုတ်နိုင်ငံသည် လ၏မျက်နှာပြင်ပေါ်သို့ ဆင်းသက်မည့် လူမပါသော အာကာသ ယာဉ်တစ်စင်းကို ၂၀၁၀ ပြည့်နှစ်တွင် လွှတ်တင်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်မြို့ အနောက်ပိုင်းတွင် ဆောက်လုပ်ရေးလုပ်သားများ အသတ်ခံရ

ဘဂ္ဂဒက် ဇူလိုင် ၂၅

ဘဂ္ဂဒက်မြို့ အနောက်ပိုင်းတွင် စနေနေ့က ဆောက်လုပ်ဆဲ အိမ်တစ်လုံးကို မည်သူမည်ဝါမှန်း မသိရသော သေနတ်သမားများ စီးနင်းတိုက်ခိုက်ရာ အလုပ်သမား ခုနစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနနှင့် မျက်မြင်တွေ့သူများက ပြောကြားသည်။

သေဆုံး

အဆိုပါ တိုက်ခိုက်မှုသည် ခါဒရာမြို့ရှိ ဆွန်နီရပ်ကွက်တွင် ဖြစ်ပွားခဲ့သည်။ ကားနှစ်စီးဖြင့် ရောက်ရှိလာကာ သေနတ်သမားအုပ်စုသည် အဆိုပါ အိမ်ကိုဝင်ရောက် စီးနင်းပြီးနောက် ဆောက်လုပ်ရေး အလုပ်သမားများကို ပစ်သတ်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့အနက် ခုနစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမည်မဖော်လိုသော သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

၎င်းအလုပ်သမားများသည် ရှီးယိုက်အလုပ်သမားများဖြစ်သည်ဟု မိမိတို့နောက်ပိုင်းတွင် သိရှိရကြောင်း၊ သို့ရာတွင် ဂိုဏ်းဂဏချင်း တိုက်ခိုက်မှု ဟုတ်၊ မဟုတ် မိမိတို့မသိရကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောသည်။

ဖြစ်ပွား

အစိုးရသစ်ဖွဲ့စည်းမှုနှင့် ပတ်သက်၍ ဘဂ္ဂဒက်မြို့နှင့် အခြားမြို့အချို့တွင် ဂိုဏ်းဂဏ တင်းမာမှုများနှင့် အကြမ်းဖက်မှုများ ဖြစ်ပွားနေကြောင်း သိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာ ပြောက်ကျားများ တိုက်ပွဲဖြစ်ပွားမှုကြောင့် လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တော်မှ အဆောက်အအုံအချို့ ပျက်စီးနေသည်ကို ဇူလိုင်၂၅ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အများသုံးအဆောက်အအုံ၌ ဆေးလိပ်သောက်မှု ဂျာမနီ၌ တားမြစ်မည်

ဘာလင် ဇူလိုင် ၂၅

ဂျာမနီနိုင်ငံ၌ ၂၀၀၇ ခုနှစ်မှစ၍ ဆေးရုံများကဲ့သို့သော အများပြည်သူအဆောက်အအုံများတွင် ဆေးလိပ်သောက်ခြင်းကို တားမြစ်မိန့်ထုတ်ပြန်ဖွယ်ရှိကြောင်း စားသုံးသူရေးရာဝန်ကြီး ဟောစ်ဆီဟိုဖားက တာဂီစပီးဂဲလ်အင်ဆွန်တက် သတင်းစာတိုက်သို့ စနေနေ့က ပြောကြားသည်။

အဆိုပြုထားသည့် တားမြစ်မိန့်အရ အစိုးရရုံးများ၊ ဘိုးဘွားရိပ်သာများနှင့် ဆေးရုံများကဲ့သို့သော အများပြည်သူအဆောက်အအုံများတွင် စတင်ကျင့်သုံးမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အစ္စရေးနှင့်ဟစ်ဇ်ဘိုလာ အပစ်အခတ်ရပ်စဲရန် ဂျော်ဒန်ဘုရင်နှင့် အီဂျစ်သမ္မတတို့ တိုက်တွန်း

အမ္မန် ဇူလိုင် ၂၅

အစ္စရေးတပ်ဖွဲ့ဝင်များနှင့် လက်ဘနွန်နိုင်ငံမှ ဟစ်ဇ်ဘိုလာပြောက်ကျားများအကြား အပစ်အခတ်ရပ်စဲရေး အလျင်အမြန် ပြုလုပ်ရန်အတွက် ဂျော်ဒန်ဘုရင်အဗ္ဗဒူလာနှင့် အီဂျစ်သမ္မတမူဘာရက်တို့က တနင်္ဂနွေနေ့တွင် တိုက်တွန်းနှိုးဆော်ကြောင်း ဂျော်ဒန်အစိုးရ၏ပီထရာသတင်းဌာနက ဖော်ပြသည်။

အစ္စရေးတပ်ဖွဲ့ဝင်များက စစ်ရေးအရ တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိနေရာ လက်ဘနွန်နိုင်ငံ၏ တိုးတက်ဖြစ်ထွန်းမှုများအပေါ် ဂျော်ဒန်ဘုရင်အဗ္ဗဒူလာနှင့် အီဂျစ်သမ္မတ မူဘာရက်တို့က တနင်္ဂနွေနေ့တွင် တယ်လီဖုန်းဖြင့် ဆွေးနွေးသုံးသပ်ကြသည်ဟု သတင်းဌာနကဖော်ပြသည်။

စုစည်းညီညွတ်သည့်အာရပ် သဘောထား ပေါ်ထွန်းလာမှု အရေးပါကြောင်း ဘုရင်အဗ္ဗဒူလာက အလေးထားပြောကြားပြီး လက်ဘနွန်ပြည်သူလူထု ဒုက္ခခံစားနေရမှုအဆုံးသတ်နိုင်ရေးအတွက် အပစ်အခတ်ရပ်စဲရေးအလျင်အမြန် ပြုလုပ်ရန်လည်း ၎င်းက တိုက်တွန်းပြောကြားသည်ဟု အဆိုပါ သတင်းဌာနက ဆက်လက်ဖော်ပြသည်။ အာရပ်နိုင်ငံများက ဒေသတစ်ဝန်း ရင်ဆိုင်ကြုံတွေ့နေသည့် စိန်ခေါ်မှုများ ပြေလည်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းနေကြစဉ် အဆိုပါ အကျပ်အတည်းဖြေရှင်းနိုင်ရန် ငြိမ်းချမ်းသောနည်းဖြင့် ဆက်လက်ညှိနှိုင်းကာ တိုင်ပင်ဆွေးနွေးကြရန်ကိုလည်း ၎င်းခေါင်းဆောင်နှစ်ဦးက သဘောတူညီထားကြသည်ဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ လျှပ်စစ်မီးပြတ်တောက်နေသည်ကို ဇူလိုင် ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel, Lae Nae Chan အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း-ရွှေဖုံး)

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ စစ်သံမှူး Colonel, Shim Jae-Koo အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်း-ရွှေဖုံး) (သတင်းစဉ်)

ဘဏ်နှင့်ဆက်သွယ်သူ ပြည်သူများအပေါ် ပျူငှာစွာဆက်ဆံ ရသင့်ရထိုက်သည့် အခွန်ငွေများရရှိရေး အလေးထားဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ သက်ဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၃ ရက် မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ်သို့ ရောက်ရှိစစ်ဆေးရာ (အောက်ယာပုံ) **မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် ဘဏ်မန်နေဂျာ၊ သက်ဆိုင်ရာဌာနခွဲမန်နေဂျာများက ငွေစုဘဏ်လုပ်ငန်း၊ ဘဏ်ငွေလွှဲလုပ်ငန်း၊ ဌာနဆိုင်ရာ ငွေပေးအမိန့်ချလန်လုပ်ငန်းများ အပါအဝင် ဘဏ်လုပ်ငန်းအဝဝ ဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဌာနအလိုက် လိုက်လံကြည့်ရှုစစ်ဆေးကာ ဘဏ်လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် မှန်ကန်မြန်ဆန်စွာဖြင့် ထိရောက်ထက်မြက်ရမည်ဖြစ်ကြောင်း၊ ဘဏ်နှင့်ဆက်သွယ်သူ ပြည်သူများနှင့် ဆက်ဆံရာတွင် ချိုသာပြေပြစ်မှုရှိရမည်ဖြစ်ကြောင်း၊ ဘဏ်တွင်းဘဏ်ပြင် သန့်ရှင်းသပ်ရပ်စေရေး ဂရုပြုဆောင်ရွက်ရန်ဖြစ်ကြောင်း မှာကြားသည်။**

ဆက်လက်၍ ဝန်ကြီးသည် ပျဉ်းမနားမြို့ ပြည်တွင်းအခွန်များ ဦးစီးဌာနသို့ ရောက်ရှိစစ်ဆေးရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းနှင့် ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးများက ခရိုင်အလိုက်၊ မြို့နယ်အလိုက် အခွန်ငွေလျာထားသတ်မှတ်ချက်နှင့် လျာထားချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက အခွန်ထမ်းဆောင်သူ ပြည်သူများကို အခွန်လုပ်ထုံးလုပ်နည်းများ၊ အခွန်အခြေခံသတ်မှတ်မှုများကို ရှင်းလင်းလွယ်ကူစွာနားလည်သဘောပေါက်စေရန် ပြောဆိုစည်းရုံးသွားရန်၊ ဌာနအဆင့်ဆင့် အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် နိုင်ငံတော်အပေါ် သစ္စာရှိစွာ ရိုးဖြောင့်မှန်ကန်စွာ ဆောင်ရွက်ကြရန် မှာကြားသည်။

ပညာပေးစည်းရုံး

ထို့နောက် ဝန်ကြီးသည် လယ်ဝေးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ ရောက်ရှိစစ်ဆေးရာ ဘဏ်ခွဲမန်နေဂျာက ဘဏ်လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဘဏ်နှင့် ဆက်သွယ်သူ ပြည်သူများအပေါ် ချိုသာပျူငှာစွာ ဆက်ဆံကြရေး၊ ဘဏ်လုပ်ငန်းဆောင်ရွက်မှု အလေ့အထ တိုးတက်လာစေရန် ပညာပေးစည်းရုံးဆောင်ရွက်သွားရေး မှာကြားခဲ့သည်။ ဆက်လက်၍ ဝန်ကြီးသည် ဘဏ်နှင့် ဆက်သွယ်သူ တောင်သူဦးကြီးများကို ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လယ်ယာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘဏ်ဝန်ဆောင်မှုနှင့် ငွေကြေးပံ့ပိုးပေးမှု အခြေအနေများကို မေးမြန်းပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် လယ်ဝေးမြို့နယ် ပြည်တွင်းအခွန်များ ဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးသို့ ရောက်ရှိရာ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ချက်များ၊ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်း လျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လျာထားချက်ပြည့်မီ ကျော်လွန်စေရေး၊ ရသင့်ရထိုက်သည့် အခွန်ငွေများ ပြည့်ဝမှန်ကန်စွာရရှိရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၇-၂၀၀၆ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဆီထွက်သီးနှံထဲမှ ဆီအုန်း
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	ပြည်တွင်းသတင်းအကျဉ်း
၇း၃၅	Music Gallery (ပိုးအိစံ- အချစ်ဆုံးပေးတဲ့လွမ်းသူ့စာခွေ)
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	ယနေ့သိပ္ပံနှင့် နည်းပညာ
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၅	သဘာဝအစွမ်းသတ္တိ မြန်မာ့စိမ်းပြာရေညှိ
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ(၂၀၀၆)
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	IT နည်းပညာနှင့် နက္ခတ်ဗေဒပညာပူးပေါင်း ဆောင်ရွက်မှုအကြောင်း ဟောပြောချက် (အပိုင်း-၂)
၉း၅၅	မိုးလေဝသခန့်မှန်းချက်
၁၀း၀၀	Say it in English
၁၀း၁၅	ရန်ကုန်-ကျောက်ဖြူ လမ်းမကြီးဖွင့်ပွဲ (အပိုင်း-၂)
၁၀း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	Video Magazine
၁၁း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၅	အာဟာရနှင့် ကျန်းမာရေး (ကျောက်ဘီလူးတင်မောင်ဆွေနှင့် တွေ့ဆုံခြင်း)
၁၁း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅	**အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ** (စိုးသူ၊နန်းကလျာလှိုင်၊ ကျော်မင်းနောင်၊ ကောင်းဈာန်သစ်)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

NLD ပါတီ၏ လုပ်ရပ်များအပေါ် စိတ်ကုန်လာသဖြင့် NLD ပါတီဝင်များအဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိသောကြောင့် မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၁၈ဦးတို့ စုပေါင်းနှုတ်ထွက်

ရန်ကုန် ဇူလိုင် ၂၆

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဥက္ကဋ္ဌ ဦးကျော်ဝေ၊ အတွင်းရေးမှူး ဦးကြည်အေး၊ ဘဏ္ဍာရေးမှူး ဒေါ်ဝင်းကြည်၊ ပါတီအလုပ်အမှုဆောင်များဖြစ်ကြသော ဒေါ်ဒီဇင်၊ ဦးတင်ညို၊ ဒေါ်ကြည်ကြည်ဌေး၊ ဦးကျော်လှိုင်၊ ဦးလှထွန်း၊ ဦးလှအေး၊ ဦးဝင်း၊ ဒေါ်စိုးစိုးဝေ၊ ဦးခင်မောင်မြင့်၊အဖွဲ့ဝင်များဖြစ်ကြသော ဦးဝင်းလှိုင်၊ ဦးသောင်းမြင့်၊ ဦးမြဝင်းမောင်၊ ဦးလှဝင်း၊ ဦးသန်းမြင့်နှင့် ဒေါ်အေးအေးမြတို့သည် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီမှ နှုတ်ထွက်ကြောင်း ဇူလိုင် ၁၂ရက်တွင် ၎င်းတို့၏ ဆန္ဒအလျောက် နှုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဌာနချုပ်သို့ လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း ပေးပို့နှုတ်ထွက်ခဲ့ကြသည်။

မော်လမြိုင်ကျွန်းမြို့နယ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်သို့ ပေးပို့ခဲ့သည့် အဆိုပါ NLD ပါတီဝင် ၁၈ ဦးတို့၏ နှုတ်ထွက်လွှာတွင် NLD ပါတီ၏ လုပ်ရပ်များအပေါ် စိတ်ကုန်လာသဖြင့် NLD ပါတီဝင်များအဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိသောကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပါတီဝင်အဖြစ်မှလည်းကောင်း၊ NLD ပါတီ၏ တာဝန်များမှလည်းကောင်း ၎င်းတို့၏ ဆန္ဒအလျောက် နှုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မင်းတပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ်သည် ယခုအခါ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ပြီ ဌာနဆိုင်ရာများ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဦးလည်မသုန်လုပ်ဆောင်

နေပြည်တော် ဇူလိုင် ၂၆

ချင်းပြည်နယ် မင်းတပ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ၊ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် မင်းတပ်မြို့ရှိ တောင်ပုလုတိုက်ခွဲ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသီရိအား ဖူးမြော်ပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးတို့က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မင်းတပ်မြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း အမှတ်(၁)သို့ ရောက်ရှိကြပြီး လက်ဖက်ပင် ၁၇၅၀၀ နှင့် နှစ်ရှည်သီးနှံပင်များ၊ ရာသီပင်များ၊ ခြံစည်းရိုး ကြက်ဆူစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် သင်တန်းကျောင်းခန်းမ၌ သင်တန်းသား ၁၆၀တို့အား တွေ့ဆုံကာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အသိပညာ၊ အတတ်ပညာတို့ကို ကြိုးစားဆည်းပူးသင်ယူရေးနှင့် အချင်းချင်း စည်းလုံးညီညွတ်စွာ ပညာဆည်းပူးကြပြီး ကျောင်း၏စိုက်ပျိုးရေးလုပ်ငန်းနှင့် ကျောင်းသာယာလှပရေး လုပ်ငန်းများတွင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

နမူနာပြစိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သင်တန်းကျောင်းအတွက် အားကစားပစ္စည်းများ၊ အဝတ်အထည်များကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးက သင်တန်းသားများအတွက် ကျောင်းသုံး ဗလာစာအုပ်များနှင့် ထောက်ပံ့ငွေများကို လည်းကောင်း ကျောင်းအုပ်ကြီးဦးဌေးဝင်းထံ ထောက်ပံ့ပေးအပ်ကြပြီး သင်တန်းသား အိပ်ဆောင်နှင့် ဘုရားခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မင်းတပ်မြို့အထွက် မင်းတပ်-မတူပီလမ်း (၉)မိုင် လေ့ကောင်းကျေးရွာအုပ်စု ဘော်ခွီးကျေးရွာအနီးရှိ မင်းတပ်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးရေးပညာပေးဌာနခွဲ ဉယျာဉ်ခြံသီးနှံဌာနစု၏ ခြံသို့ရောက်ရှိကြပြီး စိုက်ပျိုးထားသော လက်ဖက်စိုက်ခင်း၊ အာသံလက်ဖက်မျိုးစမ်းသပ်စိုက်ခင်းနှင့် လက်ဖက်ပျိုးပင်များ ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ခြံမန်နေဂျာ ဦးမာန်ဟာက ခြံအကျယ်အဝန်းနှင့် လက်ဖက်၊ ရာသီ သီးနှံ၊ နှစ်ရှည်သီးနှံ စိုက်ပျိုးထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ချင်းပြည်နယ်အား လက်ဖက်ပြည်နယ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသည် အဓိက တာဝန်ယူဆောင်ရွက်ရမည့် ဌာနဖြစ်ကြောင်း၊ ဒေသအတွက် လက်ဖက်မျိုးကောင်းမျိုးသန့်ရရှိရေး၊ ပျိုးပင်ရရှိရေးကို ဆောင်ရွက်ရမည့်အပြင် ခြံအတွင်း၌လည်း လက်ဖက်ကိုအဓိကထား၍ နှစ်ရှည်သီးနှံများ၊ ရာသီသီးနှံများကို တွဲဖက်စိုက်ပျိုးရန်ဖြစ်ကြောင်း၊ စိုက်ပျိုးရန် မြေ၊ ရေနှင့် ရာသီဥတုအနေအထား ကောင်းမွန်နေသဖြင့် လက်ဖက်ကို အဓိကထား ဦးစားပေး၍ ဒေသ၏ နမူနာပြဖြစ်အောင် စိုက်ပျိုးရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မင်းတပ်-မတူပီ ကတ္တရာလမ်း မိုင်တိုင်(၈)မိုင်ရှိ လက်ဖက်လေးဧက စိုက်ပျိုးထားရှိမှုနှင့် လမ်းကြောင်းတစ်လျှောက် လက်ဖက်စိုက်ပျိုးရန် မြေနေရာ လျာထားသတ်မှတ်မှုများကို ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၃/၇)အနီး၌ ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဒေသခံပြည်သူများ လက်ဖက်ဧက ၂၀၀ စိုက်ပျိုးမည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၂/၂)ရှိ မင်းတပ်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ လက်ဖက်စိုက်ခင်းနှင့် လမ်းတစ်လျှောက် လက်ဖက်တိုးချဲ့စိုက်ပျိုးနိုင်မည့်မြေနေရာများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မတူပီမြို့ရှိ အမျိုးသမီး အိမ်တွင်းမှုနှင့် အသက်မွေးလုပ်ငန်း သင်တန်းကျောင်းသို့ ရောက်ရှိကြရာ သင်တန်းကျောင်းအုပ်ကြီး ဒေါ်ခင်မိုးမြင့်က သင်တန်းကျောင်း၌ အခြေခံစက်ချုပ်သင်တန်း သင်ကြားပို့ချနေမှုနှင့် သိုးမွေးစက်ဆွဲသင်တန်း၊ ကနုကမာ ကျောက်စီပန်းချီ သင်တန်းနှင့် အဆင့်မြင့် စက်ချုပ်သင်တန်းများ သင်ကြားပေးနေမှု အခြေအနေများကို လိုက်လံရှင်းလင်း ပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မတူပီမြို့ ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိရုံးသို့ ရောက်ရှိကြရာ ဦးစီးအရာရှိ ဦးခင်မောင်မြင့်က ရုံးဝင်းအတွင်း လက်ဖက် ၁ဒသမ ၄၂ ဧက၌ အပင်ပေါင်း ၇၁၁၈ ပင် စိုက်ပျိုးထားရှိမှုအခြေအနေကို လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လက်ဖက်မျိုးပင်များအဖြစ် ထားကာ ဒေသလက်ဖက် မျိုးစေ့များရရှိရေး ဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မင်းတပ်မြို့ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာ အရောင်းဆိုင်ကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ပြည်သူ့ဆေးရုံ ခုတင် ၅၀ ရှိ ဓာတ်မှန်ခန်းနှင့်ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော ဒေသခံ ပြည်သူများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ကာ ဆေးရုံဝင်းအတွင်း စိုက်ပျိုးထားရှိသော လက်ဖက်ပင် ၂ဒသမ ၃၅ဧက ၁၁၇၀၀ပင်နှင့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မင်းတပ်မြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသင်တန်းကျောင်း အမှတ်(၂)သို့ သွားရောက်၍ သင်တန်းကျောင်း၏ လက်ဖက်ပင် ၂၅၀၀၊ နှစ်ရှည်သီးနှံကော်ဖီ၊ ထောပတ်၊ လိမ္မော်နှင့် သရက်ပင်များ စိုက်ပျိုးထားရှိမှု၊ သင်တန်းသား အိပ်ဆောင်နှင့် စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးပြီး စားရိပ်သာ၌ သင်တန်းသား ၁၅၀ တို့အား တွေ့ဆုံအမှာစကားပြောကြားကာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သင်တန်းကျောင်းအတွက် အဝတ်အထည်များနှင့် စရိတ်ထောက်ပံ့ငွေများကို လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးက စာအုပ်နှင့် အားကစားပစ္စည်းများကိုလည်းကောင်း သင်တန်းကျောင်းအုပ်ကြီး ဦးဂေလိန်းမောင်းထံ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မင်းတပ်မြို့ရှိ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော် ဘဒ္ဒန္တကေလာသအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မင်းတပ်မြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံရာ ရှေးဦးစွာ မင်းတပ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကောင်းမြတ်က မြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ လက်ဖက်စိုက်ပျိုးမှုနှင့် ဒေသ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဖေသိန်းက ခရိုင်အတွင်း၌ လက်ဖက်ခြောက်စက်ရုံ တည်ဆောက်နိုင်ရေးနှင့် စပ်လျဉ်း၍ ပဏာမ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဆန်းအောင်က ချင်းပြည်နယ် တောင်ပိုင်း ဒေသဆိုင်ရာ အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို လည်းကောင်း၊ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက ချင်းပြည်နယ်၏ ဒေသဝမ်းစာဖူလုံရေး၊ လက်ဖက်စိုက်ပျိုးရေး၊ ခြံစည်းရိုး ကြက်ဆူစိုက်ပျိုးရေးနှင့် ဒေသ လမ်းပန်းဆက်သွယ်ရေးအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးငွန်ဆန်းအောင်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအေးကိုကိုတို့က ဌာနအလိုက် ဆောင်ရွက်နိုင်မှုနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်း တင်ပြကြသည်။

အမှာစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် ချင်းပြည်နယ်သည် ယခုအခါ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်ဖြစ်၍ ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ ပြည်နယ်တွင် တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာများသည် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ လုပ်ဆောင်ရန်မှာ မိမိတို့၏ အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ ဦးလည်မသုန် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်ရန် နိုင်ငံတော်က လိုအပ်သော ပံ့ပိုးမှုများပေး၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် လက်ဖက်စိုက်ပျိုးမှုကို ဌာနဆိုင်ရာများက ဒေသခံ တိုင်းရင်းသားပြည်သူများကပါ လိုက်ပါစိုက်ပျိုးလာကြရန် ဦးဆောင်လမ်းပြ စိုက်ပျိုးကြရမည်ဖြစ်ကြောင်း။

လက်ဖက်ကို ရုံးဌာနများ၏ အဝန်းအဝိုင်းအတွင်း မြေလွတ်မြေလပ်များနှင့် သတ်မှတ်ပေးထားသော စိုက်ဧရိယာ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မင်းတပ်မြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း အမှတ်(၁)အတွက် အားကစားပစ္စည်းများနှင့် အဝတ်အထည်များကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကုလသမဂ္ဂဆိုင်ရာ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ်နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်(အက်စကတ်)၏ အမှုဆောင်အတွင်းရေးမှူး ဒေါက်တာ ကင်ဟတ်စုနှင့်အဖွဲ့အား နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံစဉ်။ (သတင်းစဉ်)

❒ နိုင်ငံတော် ဝန်ကြီးချုပ်မှ

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

✻ စာမျက်နှာ ၆ မှ

များ၌ မဖြစ်မနေစိုက်ပျိုးသွားကြရန်နှင့် တစ်ဆက်တစ်စပ်တည်း စိုက်ခင်းများ လည်း စိုက်ပျိုးသွားကြရမည် ဖြစ် ကြောင်း။

မင်းတပ်မြို့သည် ခရိုင်မြို့ကြီး ဖြစ် သည့်အလျောက် ရှေ့ဆောင်လမ်းပြ အဖြစ် လက်ဖက်စိုက်ပျိုးမှုကို နှစ်စဉ် တိုးချဲ့သွားရမည်ဖြစ်ကြောင်း၊ မိမိတို့ ထမ်းဆောင်ရမည့် တာဝန်များကို စေတနာပါဖြည့်စွက်၍ လုပ်ဆောင်သွား ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၊ ဒေသရှိ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများသည် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုစည်းလုံးညီညွတ် စွာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွား ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် က မင်းတပ်မြို့နယ် ပြည်သူ့ဆေးရုံ အတွက် ဆေးဝါးပစ္စည်းများကို ဆေးရုံအုပ် ဒေါက်တာအောင်လွင်ထံသို့ လည်းကောင်း၊ ဒေသနေတိုင်းရင်းသား ပြည်သူများ အသိပညာ ဗဟုသုတ တိုးပွားရေးအတွက် သတင်းစာ၊ဂျာနယ်၊ စာအုပ်စာတမ်းများနှင့် အားကစား ပစ္စည်းများကို မင်းတပ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း တွဲဖက်အတွင်းရေးမှူး ဦးလော ထန်းယောထံသို့လည်းကောင်း ပေးအပ် သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် သာအေးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအတွက် ဝတ်စုံ များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့အတွက် ဝတ်စုံများကို တာဝန်ရှိသူများအား အသီးသီးပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်တိုင်းမှူးတို့သည် မင်းတပ်မြို့ရှိ နယ်မြေခံ တပ်ရင်းခန်းမ၌ အရာရှိ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ အမှာစကား ပြောကြားပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တပ်ရင်း မိသားစုများအတွက် အဝတ်အထည် နှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ် သာအေးက အဝတ်အထည်နှင့် အားကစားပစ္စည်းများကိုလည်းကောင်း တာဝန်ရှိသူများထံပေးအပ်ပြီး မိသားစု ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက် ကာ တပ်ရင်းအတွင်း နှစ်ရှည်သီးနှံများ၊ ရာသီသီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ (သတင်းစဉ်)

ယနေ့ မိုးလေဝသ

၂၇-၇-၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့နေရာ ကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ မိုး အသင့်အတင့် ထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့နေရာ ကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ပြည်နယ်၊တိုင်း ဘတ်စကက်ဘောပြိုင်ပွဲဆက်

ရန်ကုန် ဇူလိုင် ၂၆

(၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၈နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ဆက်လက်ကျင်းပသည်။

အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းက တနင်္သာရီတိုင်းကို ၃၂မှတ်၊ ၂၀မှတ်ဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းက မွန်ပြည်နယ်ကို ၂၅မှတ်၊ ၂၀မှတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း)ကို ၅၇မှတ်၊ ၂၈မှတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းက ပဲခူးတိုင်းကို ၇၄မှတ်၊ ၄၆မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိ သွားသည်။

အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)က ရခိုင်ပြည်နယ်ကို ၈၂မှတ်၊ ၂၇မှတ် ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်က မကွေးတိုင်းကို ၅၄မှတ်၊ ၃၅မှတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းက ဧရာဝတီတိုင်းကို ၅၃မှတ်၊ ၃၃မှတ် ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းက ကရင်ပြည်နယ်ကို ၇၆မှတ်၊ ၂၈မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

ယနေ့ပြိုင်ပွဲများ

အမျိုးသမီးပြိုင်ပွဲများအဖြစ် စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် တနင်္သာရီတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အမျိုးသားပြိုင်ပွဲများ အဖြစ် ကွာတားဖိုင်နယ် လေးပွဲယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇-၇-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၀၀ ၆။ အရေးပြိုင်ပွဲ
၈:၁၀ ၇။ အကပဒေသာ
၈:၂၀ ၈။ ကချင်ပြည်နယ် မိုးကောင်းတံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၂၅ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၃၅ ၈။ **"အဲဒီမှာစတွေ့တာပဲ" (မင်းအုပ်စိုး၊ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း) (ဒါရိုက်တာ-မင်းအုပ်စိုး)**
၅:၄၅ ၉။ တေးဂီတအစီအစဉ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ သီရိဂေဟာ
၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်လိပ်ပြာလေး တဝဲလည်လည်" (အပိုင်း-၉)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာသံစဉ်" (အပိုင်း-၅)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

အင်တာနက်သတင်း

လက်ကိုင်ဖုန်းသုံး၍ ယာဉ်ကြောရှင်း မရှင်း ကြည့်နိုင်မည်

ပေကျင်း ဇူလိုင် ၂၆

ဂူဂယ်အင်တာနက်သတင်းဖြန့်ချိရေးလုပ်ငန်းက အမေရိကန်ရှိ လက်ကိုင် ဖုန်းသုံးစွဲသူများသို့ အမေရိကန်မြို့ကြီးပေါင်း ၃၀ရှိ လမ်းမများ၏ အဝေးပြေး ယာဉ်ကြောများနှင့် ထိုလမ်းများ၏ ယာဉ်အသွားအလာ နောက်ဆုံးအခြေအနေ များကို သိရှိနိုင်စေရန် လက်ကိုင်ဖုန်းဖန်သားပြင်မှတစ်ဆင့် ပေးပို့တော့မည် ဖြစ်ကြောင်း သိရသည်။

ထိုအပြင် မြို့ငယ်အချို့၏ ယာဉ်အသွားအလာသတင်းအချက်အလက် အနည်းငယ်ကိုလည်း လက်ကိုင်ဖုန်းမှပင် ရယူနိုင်သေးသည်ဟုဆိုသည်။ ထိုအစီအစဉ်ကို လက်ကိုင်ဖုန်းအမျိုးအစားတိုင်း သုံးနိုင်ဦးမည်မဟုတ်ဘဲ ဂူဂယ်သတင်းဖြန့်ချိရေးဌာနက လွှင့်ထုတ်သောစနစ်ကို လက်ခံနိုင်သော လက်ကိုင်ဖုန်းအမျိုးအစားများမှသာ ရယူအသုံးချနိုင်မည်ဖြစ်သည်။

လက်ကိုင်ဖုန်း၏ဖန်သားပြင်ပေါ်တွင် ပေါ်လာသောမြေပုံပေါ်၌ လမ်းများ ကို ယာဉ်အသွားအလာအနည်း အများအခြေအနေပေါ်မူတည်ပြီး အစိမ်းရောင်၊ အဝါရောင်နှင့်အနီရောင်များခြယ်၍ ဖော်ပြပေးထားမည်ဖြစ်သည်။

ထိုစနစ်သစ်၏ အကူအညီကြောင့် ယာဉ်မောင်းများအနေဖြင့် မိမိသွား လိုသည့် ခရီးကို အချိန်တိုအတွင်းအမြန်ဆုံးရောက်နိုင်ရန် ခရီးလမ်းကြောင်း အလွယ်တကူ ရွေးချယ်မောင်းနှင်နိုင်ကြမည်ဟုဆိုသည်။

ယနေ့ကာလအထိ မည်သည့်အင်တာနက် သတင်းဖြန့်ချိရေး လုပ်ငန်းကမျှ ဂူဂယ်၏ မော်တော်ယာဉ်လမ်းကြောင်း ဖော်ပြပေးသည့်စနစ်မျိုးကို လက်ကိုင်ဖုန်းများအတွက် ထုတ်လွှင့်ပေးခြင်းမရှိသေးကြောင်း သိရသည်။

အင်တာနက်။

ဂူဂယ်သတင်းဖြန့်ချိရေးက လက်ကိုင်ဖုန်းဖန်သားပြင်ပေါ်သို့ ယာဉ် လမ်းကြောပြမြေပုံ တင်ထားသည်ကို ဇူလိုင် ၂၆ ရက် သတင်းဓာတ်ပုံ၌ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရေညှိရေမှော်ပင်များမှ ဇီဝဒီဇယ်ထုတ်မည် ဩစတြေးလျ သိပ္ပံပညာရှင်များ လေ့လာ

မဲလ်ဘုန်း ဇူလိုင် ၂၅

ကမ္ဘာ့ရေနံဈေးနှုန်း မြင့်တက်လာနေခြင်းကြောင့် ဩစတြေးလျနိုင်ငံရှိ သုတေသီများသည် သမားရိုးကျမဟုတ်သော အရင်းအမြစ်များမှ အစားထိုး လောင်စာများ ထုတ်ယူနိုင်ရန် လေ့လာလျက်ရှိကြောင်း၊ သုတေသီများသည် ရေညှိရေမှော်များကို အသုံးပြု၍ ဇီဝဒီဇယ်ထုတ်ယူနိုင်ရန် ရည်မှန်းထားကြောင်း မဲလ်ဘုန်းတက္ကသိုလ်မှ သိပ္ပံပညာရှင်တစ်ဦးက ပြောကြားသည်။

ဩစတြေးလျနိုင်ငံ အနောက်ပိုင်းတွင် ရေညှိရေမှော်များမှ ဇီဝဒီဇယ် ထုတ်ယူနိုင်မည့် စီမံကိန်းတစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ရေညှိ ရေမှော်များသည် ရေလမ်းကြောင်းများကို ပိတ်ဆို့စေသော အပင်ငယ်မျိုး ဖြစ်သည်။

ရေညှိရေမှော်များတွင် နိုက်ထရိုဂလီဆာရိက်ဒ်ကဲ့သို့သော သဘာဝအဆီများ ပါဝင်သည်။ ဇီဝဒီဇယ်ထုတ်ယူနိုင်ရေးအတွက် နိုက်ထရိုဂလီဆာရိဒ်အဆီကို ထုတ်ယူနိုင်ကြောင်း သိပ္ပံပညာရှင်တစ်ဦးက ပြောကြားသည်။

အထူးပြုလုပ်ထားသော ကန်များကို အသုံးပြု၍ ရေညှိရေမှော်ပင်များကို စိုက်ပျိုးကာ ဇီဝဒီဇယ်ထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ **အင်တာနက်။**

သက်ရှိလောက တည်မြဲဖို့
သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လားရှိုးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လားရှိုးခရိုင်နှင့် လားရှိုးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးတို့မှ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏အကျိုး၊ တိုင်းရင်းသားပြည်သူများအကျိုးအတွက် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်သွားရန် အချိန်ကျရောက်နေ

☆ **ရှေ့ဖုံးမှ**

ဇူလိုင် ၂၅ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော် သုခမင်္ဂလာဆင်းရွှေလီ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည့် အဘယသုခသိမ်တော်၊ ဇေယျာသုခမင်္ဂလာ နှစ်ထပ်ကျောင်းဆောင်နှင့် သုခမင်္ဂလာဆင်းရွှေလီ သာသနာ့ဗိမာန်တော်ကြီးတို့ ရေစက်ချ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

လှည့်လည်ကြည့်ရှု

ရေစက်ချမင်္ဂလာအခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ အောင်မြင်ဖြစ်ထွန်း



ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ် မှူး ချုပ် အောင်သန်းထွဋ် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လျက်ရှိသော ကြက်ဆူပင်စိုက်ခင်း၊ လိုင်ချီးစိုက်ခင်း၊ ပျားလိမ္မော်စိုက်ခင်းနှင့် နာနတ်စိုက်ခင်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လေယာဉ်ဖြင့် လားရှိုးမြို့မှနေပြည်တော်သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိကြသည်။

တွေ့ဆုံ

လားရှိုးမြို့သို့ ရောက်ရှိစဉ် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၂၄ ရက် မွန်းလွဲ ၂နာရီတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လားရှိုးခရိုင်နှင့် လားရှိုးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးတို့မှ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေဒေသများ၏ တည်ငြိမ်အေးချမ်းမှုများ၊ အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးနိုင်မှုများ၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေများ၊ မိုးစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုများ၊ ၂၀၀၆-၂၀၀၇ ခုနှစ် ပြည်နယ်၏ GDP လျာထားချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ လူတစ်ဦးချင်း ပျမ်းမျှဝင်ငွေ တိုးတက်လာမှုများနှင့် နယ်စပ်ကုန်သွယ်ရေးကိစ္စများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြောကြား

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတိုငါးနှစ်စီမံကိန်းများကို စနစ်တကျ ချမှတ်အကောင်အထည်ဖော်ခဲ့မှု၊ ချမှတ်ထားသည့် မူဝါဒများမှန်ကန်ခြင်း၊ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းများကြောင့် ကာလတိုစီမံကိန်းများ လျာထားသည်ထက် ပိုမိုတိုးတက်အောင်မြင်မှုရရှိလာခြင်းများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အနေဖြင့်လည်း ရရှိထားသည့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကောင်းများနှင့်အညီ ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက နိုင်ငံတော်၏ နိုင်ငံခြားကုန်သွယ်မှုပမာဏ နှစ်စဉ်တိုးတက်နေမှုများ၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ၏ အခြေအနေ တိုးတက်ကောင်းမွန်မှုများ၊ နယ်စပ်ကုန်သွယ်ရေးမှ နယ်စပ်ဖြတ်ကျော် ပုံမှန်ကုန်သွယ်ရေးသို့ ကူးပြောင်းဆောင်ရွက်နေမှုများ၊ ပုဂ္ဂလိကကုန်သည်များ အနေဖြင့် နိုင်ငံတော်က ချမှတ်ပေးထားသော ကုန်သွယ်မှုလမ်းကြောင်းမှန် အတိုင်း လုပ်ငန်းများကိုဆောင်ရွက်ရန် လိုအပ်ပုံများ၊ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်ရေးအတွက် ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် အသင်းအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်ရန်လိုအပ်ပုံများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အနေဖြင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအား ပြောင်းလဲကျင့်သုံးလျက်ရှိသည့် ဈေးကွက်စီးပွားရေးစနစ်နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို အားပေး ပံ့ပိုးဖြည့်ဆည်းပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ၏ ရေမြေရာသီဥတုအခြေအနေ၊နယ်မြေတည်ရှိမှုအခြေအနေနှင့် သယံဇာတဖြစ်ထွန်းမှုအခြေအနေတို့အရ ဤနယ်မြေဒေသ၌ လယ်ယာကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့သည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက် ရှိသည်ကို အားရဖွယ်ရာ မျက်မြင်တွေ့ရှိနေရကြောင်း။

ထို့အပြင် ဤနယ်မြေဒေသအပါအဝင်ဖြစ်သည့် ရှမ်းပြည်နယ်၌ မင်္ဂလာရှိသော ဖြစ်စဉ်ဖြစ်ရပ်များဆက်တိုက်ဖြစ်ပေါ်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသ၌ လက်နက်နှင့် ငြိမ်းချမ်းရေးအပြီးအပိုင်လဲလှယ်ခဲ့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ပေါ်ပေါက်လာသကဲ့သို့ မကြာမီရက်ပိုင်းအတွင်းကလည်း ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (SSA-S)ရှက်ဆစ်အဖွဲ့မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈)တပ်မဟာမှူး ဦးမိန်းစင်ဦးစီးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဝင် ၈၀၀ကျော်သည် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြောင်း။

မှန်မှန်ကန်ကန်သိရှိ

ယင်းဥပဒေဘောင်အတွင်း ဝင်ရောက်လာသောအဖွဲ့များသည် လက်နက်ကိုင် သောင်းကျန်းမှု၏ လက်တွေ့ဆိုးကျိုးတရားများကို မှန်မှန်ကန်ကန် နားလည်သိရှိပြီး အေးချမ်းစွာနေထိုင်ရင်း ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ မူးယစ်ဆေးဝါး ပပျောက်ကင်းရှင်းရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် လက်တွဲလုပ်ကိုင်ဆောင်ရွက်ရန် စိတ်ရင်းစေတနာကောင်းများဖြင့် ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း။

ယင်းဖြစ်စဉ် ဖြစ်ရပ်များကြောင့် သောင်းကျန်းသူ ရှက်ဆစ်အဖွဲ့မှာလည်း အင်အားချည့်နဲ့လာလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရပိုင်းအနေဖြင့် တစ်တိုင်းပြည်လုံး တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှု ရရှိစေရန်အတွက် ငြိမ်းချမ်းရေးတံခါးကို ဆက်လက်ဖွင့်ထားပါကြောင်း၊ အမြင်မှန်ရရှိပြီး မိမိပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်ရန် ကျန်တောတွင်းလက်နက်ကိုင် အဖွဲ့များကလည်း ဥပဒေဘောင်အတွင်း ဆက်လက်ဝင်ရောက်လာမည်ဆိုပါက ရှမ်းပြည်နယ်တစ်ခုလုံးရော၊ နိုင်ငံတော်တစ်ရပ်လုံးပါ ရာနှုန်းပြည့်ငြိမ်းချမ်းတည်ငြိမ်သွားမှာဖြစ်ကြောင်း။

ပြည်သူများ၏အကျိုးရှေးရှု

နိုင်ငံတော်၏ အကျိုး၊ တိုင်းရင်းသားပြည်သူများ၏ အကျိုးအတွက် ရှေးရှုပြီး လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်သွားရန် အချိန်ကျရောက်နေပြီ ဖြစ်ကြောင်း။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းကလည်း ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့၌ အမေရိကန်ဒေါ်လာ ၄၇ သန်းခန့်တန်ဖိုးရှိသည့် မူးယစ်ဆေးဝါးမျိုးစုံကို နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေ

ပြည်ထောင်စုကြီး၏ ...
ပြည်ထောင်စုကြ...

ကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပသ...
ရှေ့မှောက်၌ မီးရှို့ဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်...

အလားတူပင် ရန်ကုန်၊ လားရှိုး၊ ကျိုင်...
မူးယစ်ဆေးဝါးမျိုးစုံကို အကြိမ်ကြိမ် မီးရှို့ဖျက်...
ခြိုလိုက်လျှင် နိုင်ငံတော်အစိုးရနှင့် တိုင်းရ...
ကိုလိုနီနယ်ချဲ့၏ အမွေဆိုးတစ်ရပ်ဖြစ်သည့် မူ...
ပပျောက်သွားရေးအတွက် (၁၅)နှစ်စီမံကိန်းချ...
မာန်တက် ဖြေရှင်းဆောင်ရွက်နေခြင်းပင်ဖြ...

တိုးချဲ့တည်ဆောက...

လက်နက်ကိုင် ဆူပူသောင်းကျန်းမှုများ...
နေရသည့် ရှမ်းပြည်နယ်ကို အမြန်ဆုံးဖွံ့ဖြိုးတိုး...
ဒေသအပြင် လားရှိုးဒေသ၊ ကျိုင်းတုံဒေသ၊ ...
ကျသော ဒေသလေးခုကို ဖွံ့ဖြိုးရေးဒေသ...
ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွ...
ပညာများကို သင်ကြားနိုင်သည့် တက္ကသိုလ်...
ကြီးများ တိုးချဲ့ဖွင့်လှစ်ထူထောင်ပေးသကဲ့သို့...
ရေးအတွက် လိုအပ်သော လမ်း၊ တံတား...
လေယာဉ်ကွင်းသစ်များကို တိုးချဲ့တည်ဆော...

ထို့ကြောင့် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသာ...
ကိုသာမက အဆင့်မြင့်ပညာကိုပါ လက်လှ...
နိုင်သည့် အခွင့်အရေး၊ ကျန်းမာရေး ကုသစော...
များကို ကျယ်ကျယ်ပြန့်ပြန့် ခံစားနေရပြီ...

ယခင်အခြေအနေများနှင့် မတူတော့ဘဲ...
ပြီး ပညာအရည်အသွေးမြင့်မားသည့် လူ့စွမ်း...
ဖွံ့ဖြိုးမှုအခြေခံအုတ်မြစ်ကောင်းများ တည်ရှိ...
ဖွံ့ဖြိုးတိုးတက်သော ပြည်နယ်အဖြစ် တ...
ရှိကြောင်း။

မမှန်မကန်စွပ်...

ယင်းကဲ့သို့သော အခြေအနေကောင်း၌...
ကျင့်ဝတ်သိက္ခာ မထိန်းသိမ်းသော နိုင်ငံခြား...
သိက္ခာကျဆင်းအောင်၊ တိုင်းရင်းသား စည်း...
အဆုံးစွန်၌ ပြည်ထောင်စုကြီးပျက်စီးအော...
မူးယစ်ဆေးဝါးအန္တရာယ်ကြီးမားနေကြောင်...
ပြုကျင့်နေကြောင်း၊ တိုင်းရင်းသားလူမျိုးစုမျ...
လူကုန်ကူးမှုများ ကျူးလွန်နေကြောင်း စသ...
ရှိကြကြောင်း။

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးတို့ကို...
ရပ်သေးအစိုးရပုံစံမျိုး ထူထောင်နိုင်ရေးအ...
ဖြစ်ကြောင်း။

ဒီမိုကရေစီသည် နိုင်ငံတော်၏ အရေးအ...
ဆောင်ရွက်ရသည့် ကျင့်စဉ်ဖြစ်ကြောင်း၊ မိမိ...
အတွေ့အကြုံ၊ ဆိုရှယ်လစ်ဒီမိုကရေစီအခေ...

☆ **နိုင်ငံတော်အစိုးရပိုင်းအနေဖြင့် တစ်တိုင်းပြည်...**
အေးချမ်းပြီး တရားဥပဒေစိုးမိုးမှု ရရှိ...
ငြိမ်းချမ်းရေးတံခါးကို ဆက်လက်ဖွင့်ထား။

☆ **အမြင်မှန်ရရှိပြီး မိမိပြည်နယ် ဖွံ့ဖြိုးတိုးတက်...**
နိုင်ငံတော်နှင့် ပူးပေါင်းလက်တွဲ ဆောင်ရွ...
တောတွင်းလက်နက်ကိုင် အဖွဲ့များကလည်း ဥ...
အတွင်း ဆက်လက်ဝင်ရောက်လာမည်ဆိုပါက ...
တစ်ခုလုံးရော၊ နိုင်ငံတော်တစ်ရပ်လုံးပါ ရာနှုန်း...
တည်ငြိမ်သွားမှာဖြစ်။

ပြည်ထောင်စုကြီး၏ မည်သည့်အစိတ်အပိုင်းမှာနေသည်ဖြစ်စေ တလုံးတစည်းသော ညီညွတ်မှုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို အမြဲနှလုံးသွင်း ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာလာအောင်၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းကြိုးစား

ကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပသတင်းဌာန ကိုယ်စားလှယ်များ ရှေ့မှောက်၌ မီးရှို့ဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း။

အလားတူပင် ရန်ကုန်၊ လားရှိုး၊ ကျိုင်းတုံတို့၌လည်း ဖမ်းဆီးရရှိသော မူးယစ်ဆေးဝါးမျိုးစုံကို အကြိမ်ကြိမ် မီးရှို့ဖျက်ဆီးမှုများပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ခြုံလိုက်လျှင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူများ ပူးပေါင်း၍ ကိုလိုနီနယ်ချဲ့၏အမွေဆိုးတစ်ရပ်ဖြစ်သည့် မူးယစ်ဆေးဝါးပြဿနာကို ချုပ်ငြိမ်းပပျောက်သွားရေးအတွက် (၁၅)နှစ်စီမံကိန်းချမှတ်၍ ရည်မှန်းချက်ရှိရှိ အားကြိုးမာန်တက် ဖြေရှင်းဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

တိုးချဲ့တည်ဆောက်ပေးနေ

လက်နက်ကိုင် ဆူပူသောင်းကျန်းမှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေရသည့် ရှမ်းပြည်နယ်ကို အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာရေးအတွက် တောင်ကြီးဒေသအပြင် လားရှိုးဒေသ၊ ကျိုင်းတုံဒေသ၊ ပင်လုံဒေသ စသည့် အချက်အချာကျသော ဒေသလေးခုကို ဖွံ့ဖြိုးရေးဒေသများအဖြစ် တိုးချဲ့သတ်မှတ်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆင့်မြင့်ပညာများကို သင်ကြားနိုင်သည့် တက္ကသိုလ်၊ ကောလိပ်များ၊ အထူးကုဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ထူထောင်ပေးသကဲ့သို့ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် လိုအပ်သော လမ်း၊ တံတားများအပြင် ရထားလမ်းသစ်များ၊ လေယာဉ်ကွင်းသစ်များကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားညီအစ်ကိုများသည် အခြေခံပညာကိုသာမက အဆင့်မြင့်ပညာကိုပါ လက်လှမ်းတမီ လွယ်လင့်တကူသင်ကြားနိုင်သည့် အခွင့်အရေး၊ ကျန်းမာရေး ကုသစောင့်ရှောက်ခံယူနိုင်သည့် အခွင့်အရေးများကို ကျယ်ကျယ်ပြန့်ပြန့် ခံစားနေရပြီဖြစ်ကြောင်း။

ယခင်အခြေအနေများနှင့် မတူတော့ဘဲ ရှမ်းပြည်နယ်၌ ကျန်းမာသန်စွမ်းပြီး ပညာအရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ အပါအဝင် ဖွံ့ဖြိုးမှုအခြေခံအုတ်မြစ်ကောင်းများ တည်ရှိလာနေပြီဖြစ်၍ ရှမ်းပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်သော ပြည်နယ်အဖြစ် တက်လှမ်းနိုင်တော့မှာသေချာလျက်ရှိကြောင်း။

မမှန်မကန်စွပ်စွဲ

ယင်းကဲ့သို့သော အခြေအနေကောင်း၌ ကိုလိုနီလက်သစ်နိုင်ငံကြီးအချို့နှင့် ကျင့်ဝတ်သိက္ခာ မထိန်းသိမ်းသော နိုင်ငံခြားမီဒီယာတို့က နိုင်ငံတော်အစိုးရကို သိက္ခာကျဆင်းအောင်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပျက်ပြားအောင်၊ အဆုံးစွန်၌ ပြည်ထောင်စုကြီးပျက်စီးအောင် ရည်ရွယ်ပြီး ရှမ်းပြည်နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်ကြီးမားနေကြောင်း၊ ရှမ်းအမျိုးသမီးများကို မတရားပြုကျင့်နေကြောင်း၊ တိုင်းရင်းသားလူမျိုးစုများကို ဖိနှိပ်သုတ်သင်နေကြောင်း၊ လူကုန်ကူးမှုများ ကျူးလွန်နေကြောင်း စသည်ဖြင့် မမှန်မကန် စွပ်စွဲလျက်ရှိကြကြောင်း။

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးတို့ကို အကြောင်းပြပြီး ယင်းတို့အလိုကျ ရုပ်သေးအစိုးရပုံစံမျိုး ထူထောင်နိုင်ရေးအတွက် လုပ်ကြံလှုံ့ဆော်နေခြင်းဖြစ်ကြောင်း။

ဒီမိုကရေစီသည် နိုင်ငံတော်၏ အရေးအရာကိစ္စများကို ကိုင်တွယ်လုပ်ကိုင်ဆောင်ရွက်ရသည့် ကျင့်စဉ်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီအတွေ့အကြုံ၊ ဆိုရှယ်လစ်ဒီမိုကရေစီအတွေ့အကြုံများ ရှိပြီးဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ရေမြေသဘာဝ၊ မိမိတို့လူမျိုးများ၏ ယဉ်ကျေးမှုအစဉ်အလာ၊ စရိုက်လက္ခဏာနှင့် ကိုက်ညီဆီလျော်သော ဒီမိုကရေစီပုံစံမျိုးကိုသာ မိမိတို့ရွေးချယ်ရမည်ဖြစ်ကြောင်း၊ ပြည်ပမှဖိအားပေးမှုကြောင့် မိမိတို့ဘဝအခြေအနေနှင့် မကိုက်ညီသော ဒီမိုကရေစီအသွင်ကူးပြောင်းမှုများကို လိုက်နာလုပ်ကိုင်မိသည့် နိုင်ငံအချို့၏လက်တွေ့ဖြစ်ရပ်ဆိုးများကိုလည်း မိမိတို့မျက်မြင်ကြုံတွေ့နေရပြီဖြစ်ကြောင်း။

ထို့ကြောင့် မိမိနိုင်ငံ၊ မိမိလူမျိုးတို့နှင့်ဆီလျော်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ်ထူထောင်နိုင်ရန် ကိုယ်ပိုင်မူဝါဒလုပ်ငန်းစဉ် (၇)ရပ်ကို အတိအလင်းချမှတ်၍ အဆင့်မှန်၊ စေတနာမှန်ဖြင့် မိမိတို့ အကောင်အထည်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လားရှိုးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လားရှိုးခရိုင်နှင့် လားရှိုးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးတို့မှ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ကုန်သွယ်မှုလုပ်ငန်းများကို တစ်နေရာတည်းတွင် အလုပ်ပြီးစေသောစနစ် (One Stop Services) အဖွဲ့ဝင် သက်ဆိုင်ရာဌာန အသီးသီးတို့မှ ဝန်ထမ်းတာဝန်ခံများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ထူထောင်ရေး၊ ထူထောင်ပြီးသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက်လည်း နိုင်ငံတော်အစိုးရ အနေဖြင့် လိုအပ်သော နိုင်ငံရေး၊ စီးပွားရေးနှင့် ပညာရေးအခြေခံများ ခိုင်မာအောင် အခြေချ ထူထောင်လျက်ရှိကြောင်း။

ထို့ကြောင့် ပြည်ထောင်စုကြီး၏ မည်သည့်အစိတ်အပိုင်းမှာပင်နေသည်ဖြစ်စေ တလုံးတစည်းသော ညီညွတ်မှုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို အမြဲနှလုံးသွင်းပြီး ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာလာအောင်၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းကြိုးစားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသည့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့သည် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် မူဆယ်မြို့နယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန် စစ်ဆေးရေးစခန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးကြပြီး ဌာနဆိုင်ရာများ၊ ကုန်သည်များအားတွေ့ဆုံ၍ နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများ မှန်ကန်သွက်လက်မြန်ဆန်စေရေးကိစ္စများကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ရှေးဦးစွာ ဝန်ကြီးများသည် စခန်းရှိ အစည်းအဝေးခန်းမ၌ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကုန်သွယ်မှုလုပ်ငန်းများကို တစ်နေရာတည်းတွင် အလုပ်ပြီးစေသောစနစ် (One Stop Services)အဖွဲ့ဝင် သက်ဆိုင်ရာဌာနအသီးသီးတို့မှ ဝန်ထမ်းတာဝန်ခံများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရန်နိုင်ထွန်းက ၁၀၅မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်၌ မြေကွက်များဖော်ထုတ်ပြီးစီးမှုနှင့် အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ ပို့ကုန်သွင်းကုန် ပစ္စည်းအမယ်အမျိုးအစားများ၊ နှစ်အလိုက် ပို့ကုန်သွင်းကုန် ကုန်သွယ်မှုပမာဏများ၊ အခွန်အခရရှိမှုများ၊ နယ်စပ်ကုန်သွယ်မှု စစ်ဆေးရေးစခန်းများ ဖြန့်ခွဲထားမှုများ၊ One Stop Services စနစ်ဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများ သွက်လက်မြန်ဆန်စွာ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ပို့ကုန်သွင်းကုန်လုပ်ငန်းပမာဏနှင့် ဝန်ထမ်းအင်အားအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် One Stop Services အဖွဲ့ဝင် အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများက ပို့ကုန်သွင်းကုန်လုပ်ငန်းများ၌ One Stop Services စနစ်ဖြင့် ဆောင်ရွက်ပေးနေမှု အတွေ့အကြုံများကိုလည်းကောင်း၊ နယ်စပ်ဒေသဖြတ်ကျော် ပုံမှန်ကုန်သွယ်မှုစနစ် ပြောင်းလဲကျင့်သုံးနေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရည်ရွယ်ချက်ငါးရပ်

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးများက သိလိုသည်များကို မေးမြန်းကြပြီး မှာကြားကြရာတွင် နယ်စပ်ကုန်သွယ်ရေးကို ရည်ရွယ်ချက် ငါးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ယင်းရည်ရွယ်ချက် ငါးရပ်တွင် နှစ်နိုင်ငံ ချစ်ကြည်ရေးတိုးတက်စေရန်၊ နှစ်နိုင်ငံ ကုန်သွယ်မှု တိုးတက်စေရန်နှင့် နယ်စပ်ကုန်သွယ်မှုကို ပုံမှန်ကုန်သွယ်မှု လမ်းကြောင်းပေါ်သို့ ကူးပြောင်းရောက်ရှိစေရန်၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ အပြည့်အဝရရှိစေရန်တို့ ပါဝင်ကြောင်း။

ယခုအခါ အဓိကနယ်စပ်ကုန်သွယ်ရေးစခန်းဖြစ်သည့် မူဆယ်မှတစ်ဆင့် ဆောင်ရွက်နေသော နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများကို နယ်စပ်ကုန်သွယ်မှု စနစ်အဆင့်မှ ပုံမှန်ကုန်သွယ်မှုအဆင့်သို့ ပြောင်းလဲကျင့်သုံးနိုင်အောင် မိမိတို့ စီမံဆောင်ရွက်လျက်ရှိကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐

အနေဖြင့် တစ်တိုင်းပြည်လုံး တည်ငြိမ်
ားဥပဒေစိုးမိုးမှု ရရှိစေရန်အတွက်
ို ဆက်လက်ဖွင့်ထား။
ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်
ပါင်းလက်တွဲ ဆောင်ရွက်ရန် ကျန်
ကိုင် အဖွဲ့များကလည်း ဥပဒေဘောင်
င်ရောက်လာမည်ဆိုပါက ရှမ်းပြည်နယ်
တာ်တစ်ရပ်လုံးပါ ရာနှုန်းပြည့်ငြိမ်းချမ်း
။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးများ X-Ray Machine ယာဉ်ဖြင့် ကုန်ပစ္စည်းစစ်ဆေးခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြစဉ်။
(သတင်းစဉ်)

မမှန်မကန်လုပ်ကိုင်ဆောင်ရွက်မှုများကို မိမိတို့ဝန်ထမ်းအပိုင်းက မပြုလုပ်ရန်လိုအပ်သကဲ့သို့ ကုန်သည်များအပိုင်းကလည်း ရိုးရိုးသားသား သိက္ခာရှိရှိဖြင့် လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်

❒ **စာမျက်နှာ ၉ မှ**

မိမိတို့၏ လယ်ယာထွက်ကုန်ပစ္စည်းများ၊ သစ်သီးဝလံများ၊ ရေထွက်ပစ္စည်းများကို အဆင့်အတန်းရှိရှိ ထိုက်တန်သည့်ဈေးနှုန်းဖြင့် စနစ်တကျ ရောင်းချနိုင်အောင် မူဆယ် ၁၀၅ မိုင် ခေတ်မီ ကုန်သွယ်ရေးဇုန်ကြီးတစ်ခုကို တည်ဆောက် ထူထောင်နေခြင်းဖြစ်ကြောင်း။

ပုံမှန်ကုန်သွယ်မှု

နယ်စပ်ကုန်သွယ်မှုစနစ်မှ နယ်စပ်ဖြတ်ကျော် ပုံမှန်ကုန်သွယ်မှုစနစ်ကို ပြောင်းလဲကျင့်သုံးနိုင်မှသာ နှစ်နိုင်ငံလုံးအတွက်ရော၊ သက်ဆိုင်ရာလုပ်ငန်းရှင်များအတွက်ပါ ရေရှည်အကျိုးရှိမှာဖြစ်ကြောင်း။

အသေးစားနယ်စပ်ကုန်သွယ်မှုလုပ်ငန်းကို လုပ်ကိုင်နေကျအဆင့်မှ နည်းမှန်လမ်းမှန် ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းသို့ ပြောင်းလဲသည့်အခါ လုပ်ငန်းရှင်များအနေဖြင့် မကျွမ်းကျင်မှုများ ရှိကောင်းရှိနိုင်ကြောင်း။

လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများကို စနစ်တကျ ကျွမ်းကျွမ်းကျင်ကျင် လုပ်တတ်ကိုင်တတ်လာအောင်လည်း မိမိတို့က အစွမ်းကုန် ပံ့ပိုးကူညီစောင့်ရှောက်ပေးရမှာဖြစ်ကြောင်း။

ကိုယ်ကျိုးမဖက်

ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကူညီစောင့်ရှောက်ရာ၌လည်း ဥပဒေဘောင်အတွင်းမှနေ၍ စေတနာထားပြီး ကိုယ်ကျိုးမဖက်ဘဲ လုပ်ကိုင်ဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

မမှန်မကန်လုပ်ကိုင်ဆောင်ရွက်မှုများကို မိမိတို့ဝန်ထမ်းအပိုင်းက မပြုလုပ်ရန် လိုအပ်သကဲ့သို့ ကုန်သည်များအပိုင်းကလည်း ရိုးရိုးသားသား သိက္ခာရှိရှိဖြင့် လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ယင်းသို့ စနစ်တကျ မှန်မှန်ကန်ကန် အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုလျှင် နိုင်ငံတော်၏ နိုင်ငံခြားကုန်သွယ်မှုသည် ပင်လယ်ထွက်ပေါက်မှသာမက ကုန်းလမ်းထွက်ပေါက်များမှပါ စနစ်တကျဖွံ့ဖြိုးလာမှာဖြစ်ကြောင်း။

ယခုတင်ပြချက်ပါ ကိန်းဂဏန်းများအရလည်း မူဆယ်ဒေသ၏ သွင်းကုန်ပို့ကုန်လုပ်ငန်းများသည် ပုံမှန်ဖြစ်ထွန်းလျက်ရှိရာ ပြုပြင်ရန် လိုအပ်ချက်များရှိလာပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရန် ဖြစ်ကြောင်းဖြင့် မှာကြားကြသည်။

မိမိတို့၏ လယ်ယာထွက်ကုန်ပစ္စည်းများ၊ သစ်သီးဝလံများ၊ ရေထွက်ပစ္စည်းများကို အဆင့်အတန်းရှိရှိ ထိုက်တန်သည့်ဈေးနှုန်းဖြင့် စနစ်တကျ ရောင်းချနိုင်အောင် မူဆယ် ၁၀၅ မိုင် ခေတ်မီ ကုန်သွယ်ရေးဇုန်ကြီးတစ်ခုကို တည်ဆောက် ထူထောင်နေခြင်းဖြစ်။

နယ်စပ်ကုန်သွယ်မှုစနစ်မှ နယ်စပ်ဖြတ်ကျော် ပုံမှန် ကုန်သွယ်မှုစနစ်ကို ပြောင်းလဲကျင့်သုံးနိုင်မှသာ နှစ်နိုင်ငံလုံး အတွက်ရော၊ သက်ဆိုင်ရာလုပ်ငန်းရှင်များ အတွက်ပါ ရေရှည်အကျိုးရှိမှာဖြစ်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့ ငါးလုပ်ငန်း ဦးစီးဌာန ရေထွက်ပစ္စည်းအရည်အသွေးစစ်ဆေးရေး၊ ဓာတ်ခွဲခန်း၊ ငါးရှဉ့်နှင့်ကဏန်းများ ပြည်ပတင်ပို့ရေး ခွဲခြားစစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကုန်သည်များနှင့်တွေ့ဆုံ

ထို့နောက် ဝန်ကြီးများသည် ဧည့်ခန်းမဆောင်၌ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မူဆယ်–နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နယ်မြေခံကုန်သည်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးများက ရှင်းလင်းမှာကြားရာတွင် နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းများ ချောမွေ့ဖွံ့ဖြိုးနေရန်အရေးကြီးကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများကို အဓိက ပင်တိုင်ဆောင်ရွက်နေသည်မှာ ပုဂ္ဂလိကကုန်သည်လုပ်ငန်းရှင်များဖြစ်ကြကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၏ ဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်အောင် အစဉ်အားပေးကူညီလျက်ရှိကြောင်း။

ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာ၌ တရားမဝင်သော နည်းလမ်းများဖြင့် မလုပ်မိအောင် ရေရှည်အကျိုးဖြစ်ထွန်းမှုကို မျှော်မှန်းပြီး စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်တတ်အောင် ကြိုးစားကြစေလိုကြောင်း။

မိမိတို့၏ ထွက်ကုန်ပစ္စည်းများကို အရည်အသွေးရှိရှိ စနစ်တကျ တင်ပို့ရောင်းချနိုင်မှသာ ထိုက်တန်သောဈေးနှုန်းလည်း ရရှိမှာဖြစ်ကြောင်း။

သစ်သီးဝလံဈေးကွက်

ယခုအခါ သစ်သီးဝလံဈေးကွက်သည် မူဆယ်ဈေးကွက်၌ ခိုင်မာလာပြီဖြစ်၍ အလားတူလယ်ယာထွက်ကုန်များနှင့် ရေထွက်ပစ္စည်းများကိုလည်း ဈေးကွက်ခိုင်မာလာအောင် ကြိုးစားကြစေလိုကြောင်း၊ ပုံမှန်ကုန်သွယ်မှုစနစ်ကို ကျင့်သုံးရာ၌ အခက်အခဲများရှိပါကလည်း တင်ပြကြရန်ဖြစ်ကြောင်း။

အချို့သော ပြည်ပမီဒီယာသတင်းဌာနများက မူဆယ်ဒေသ၌ ကုန်သွယ်မှုလုပ်ငန်းများရပ်ဆိုင်းနေပြီဟု မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများပြုလုပ်လျက်ရှိကြောင်း၊ ယခုရက်ပိုင်းမှာပင် မူဆယ်ဒေသ၌ တစ်ရက်လျှင် အနည်းဆုံး ဒေါ်လာငါးသိန်းမှ ဒေါ်လာတစ်သန်းကျော် တန်ဖိုးပမာဏအထိ ပုံမှန်ရောင်းဝယ်လျက်ရှိကြောင်း။

ကုန်သွယ်မှုပမာဏ

၂၀၀၄–၂၀၀၅ခုနှစ်တွင် ဒေါ်လာ ၃၄၇သန်းခန့်၊ ၂၀၀၅–၂၀၀၆ခုနှစ်တွင် ဒေါ်လာ ၅၀၅သန်းခန့် ကုန်သွယ်မှုပမာဏရှိခဲ့ကြောင်း။

ယခု ၂၀၀၆–၂၀၀၇ခုနှစ် ပထမသုံးလခွဲအတွင်းမှာပင် မူဆယ်နယ်စပ်ဒေသ၏ ကုန်သွယ်မှုပမာဏသည် ဒေါ်လာ ၂၀၇သန်းကျော်ရှိနေပြီဖြစ်ရာ နှစ်ကုန်တွင်ဖြစ်ပေါ်လာမည့် ကုန်သွယ်မှုပမာဏသည် ၂၀၀၅–၂၀၀၆ခုနှစ်ထက်ပင် များပြားသွားမှာ သေချာလျက်ရှိကြောင်း။

ထို့ကြောင့် မိမိတို့၏ ထွက်ကုန်ပစ္စည်းများကို စနစ်တကျ ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းအတိုင်း တင်ပို့ရောင်းချနိုင်ရေးအတွက် ကြိုးစားကြစေလိုကြောင်းဖြင့် မှာကြားကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မူဆယ်–နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးဟန်စိန်တို့က နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ လုပ်ငန်းဆိုင်ရာ လိုအပ်သည်များကိုလည်းကောင်းရှင်းလင်းတင်ပြကြရာ ဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ ထို့နောက် ဝန်ကြီးများသည် စခန်းရှိ ပို့ကုန်သွင်းကုန်ဌာန၌ ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ▲

▲ စာမျက်နှာ ၁၀ မှ

ဆက်လက်၍ X-Ray Machine ယာဉ်ဖြင့် ကုန်ပစ္စည်းစစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးများသည် သွင်းကုန်ပို့ကုန်မော်တော်ယာဉ်များကို စနစ်တကျ စစ်ဆေးဆောင်ရွက်နေမှုများ၊ ပို့ကုန်သွင်းကုန် ပစ္စည်းရောက်ရှိမှုအခြေအနေများ၊ နယ်စပ်ကုန်သွယ်ရေးဇုန် စစ်ဆေးရေး စခန်းတည်ဆောက်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးများသည် ငါးလုပ်ငန်းဦးစီးဌာန ရေထွက်ပစ္စည်းအရည်အသွေးစစ်ဆေးရေး ဓာတ်ခွဲခန်း၊ ငါးရှဉ့်နှင့် ကဏန်းများ ပြည်ပတင်ပို့ရေးခွဲခြားစစ်ဆေးနေမှုများ၊ အအေးခန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားကြသည်။

အချက်အချာကျ

မူဆယ်ဒေသသည် East-West Corridor လမ်းကြောင်းပေါ်၌ အချက်အချာကျကျ တည်ရှိနေသော ဒေသဖြစ်ရာ နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများ၊ Transit ကုန်သွယ်မှုလုပ်ငန်းများကို စနစ်တကျ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် မူဆယ်(၁၀၅)မိုင်၌ ခေတ်မီကုန်သွယ်ရေးဇုန်ကြီးကို တည်ဆောက်လျက်ရှိပြီး ယခုအခါ ရာခိုင်နှုန်း ၄၀ကျော် ပြီးစီးနေပြီဖြစ်သည်။

မြေကွက်ပေါင်း ၁၆၃ကွက်

လောလောဆယ် မြေကွက်ပေါင်း ၁၆၃ကွက် ဖော်ထုတ်ပြီးစီးပြီး ၉၇ကွက်ကို ပုဂ္ဂလိကများသို့ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပြီးဖြစ်ရာ ခေတ်မီအအေးခန်းများ၊ ပွဲရုံများ၊ ဂိုဒေါင်များ၊ X-Ray အဆောက်အအုံများ၊ ဓာတ်ခွဲခန်းများ၊ ရုံးအဆောက်အအုံများကို တည်ဆောက်နေကြပြီဖြစ်သည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း၊ အတွင်းရေးမှူး ဦးသိန်းဇော်နှင့် ဗဟိုအလုပ်အမှုဆောင် ဦးတင်နိုင်သိန်း တို့သည် ဇူလိုင် ၂၄ရက် ညပိုင်းတွင် လားရှိုးမြို့ရှိ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့်အလုပ်အမှုဆောင်များ၊ လားရှိုး၊ ကွမ်းလုံ၊ မူဆယ်နှင့် ကျောက်မဲ ခရိုင် အသင်းတို့မှ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံ၍ အသင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။ (သတင်းစဉ်)

မုဒုံမြို့နယ်ရှိ ဗုဒ္ဓအေးရိပ်သာ ဘုန်းတော်ကြီးကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် (ဦးစံမွေး)-ဒေါ်ခင်ကြည် မိသားစုက ဇူလိုင် ၁၇ရက်က ငွေကျပ် သိန်းငါးဆယ် ပေးအပ်လှူဒါန်းရာ ကျောင်းဒါယကာ ဦးရွှေတင် လက်ခံရယူစဉ်။ (၃၀၇)

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်နှင့်သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၆

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်ပွဲနှင့်သက်ကြီးပူဇော်ပွဲကို ဩဂုတ်၂၇ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီ၌ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ကျောက်ပန်းတောင်းပရိယတ္တိစာသင်တိုက်တွင် ပြုလုပ်မည်ဖြစ်သည်။

ရန်ကုန်ရောက် ကျောက်ပန်းတောင်းမြို့နယ်သူ မြို့နယ်သားအားလုံး၊ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။ (က-ပ)

မေတ္တာအခါတော်နေ့အကြိုသင်တန်း

ရန်ကုန် ဇူလိုင် ၂၆

ဗဟန်းမြို့နယ်၊ အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်တွင် ဝါခေါင်လပြည့်၊မေတ္တာအခါတော်နေ့ အကြိုသင်တန်းကို ဩဂုတ် ၁ ရက်မှ ၄ ရက်အထိ နေ့စဉ်နံနက် ၇ နာရီမှ ၉ နာရီအထိ မင်္ဂလာဗျူဟာအသင်းချုပ် အမှုဆောင် သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာတင်သိန်းလွင်နှင့် ဆရာဦးတင်မြင့် (B.A-ကမ္ဘာ့ဌာန်းနည်းပြဆရာ)တို့က ဓမ္မဒါနသင်ကြားပေးမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်သည်ဟု သိရသည်။ (၂၃)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၇-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅	၄။ မျိုးချစ်တပ်မတော်
၇:၂၀	၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀	၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၅:၀၀	၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၁၅	၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀	၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ မိုးလေဝသသတင်း
၆:၄၀	၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ"(အပိုင်း-၃၉)**
၈:၀၀	၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။ အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ ကုသိုလ်ကောင်းမှုပေါင်းစုပြုရာ ပစ္စည်းလေးပါးဒါယကာ
	၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လက်မတင်ကလေး"(အပိုင်း-၂၀)**
	၂၀။ သင့်အတွက်မနက်ဖြန်
	၂၁။ အပိတ်နှုတ်ဆက်စကား
	၂၂။ ပြီးပါပြီ။

ပြသဆဲဇာတ်ကားများသာ ဆက်လက်ရုံတင်မည်

ရန်ကုန် ဇူလိုင် ၂၆

ယခုသောကြာပတ် ဇူလိုင် ၂၈ရက်တွင် မြန်မာရုပ်ရှင် ဇာတ်ကားသစ်များရုံတင်နိုင်ခြင်းမရှိဘဲ ပြသဆဲမြန်မာရုပ်ရှင်ကားနှစ်ကားဖြစ်သော လှည့်စားနှင့် **မော်ဒန်အချစ်များ** ဇာတ်ကားများသာ မြို့လယ်ရုံများတွင် ဆက်လက်ပြသမည်ဖြစ်သည်။

"လှည့်စား" ဆေးရောင်စုံရုပ်ရှင်ကားမှာ နီကိုရဲ၏ ဝတ္ထုကို ဒါရိုက်တာသိန်းဟန် (ဖီးနစ်) ရိုက်ကူးသည့် ဟာသဇာတ်ကား ဖြစ်သည်။ ရုပ်ရှင်သရုပ်ဆောင်မင်းသားမင်းသမီးအပါအဝင်ရုပ်ရှင်အဖွဲ့သားများ ဓားပြလက်အောက် ကျရောက်စဉ် ကြုံတွေ့ကြရသည့် သောက၊ မောဟများနှင့်အတူ ရယ်မောဖွယ် ဖြစ်ရပ်များကို ဇာတ်လမ်းဖွဲ့ ရိုက်ကူးတင်ဆက်ထားခြင်းဖြစ်သည်။

ယင်းဇာတ်ကားတွင် ကျော်ရဲအောင်၊ ဒွေး၊ ခိုင်သင်းကြည်၊ ပြည့်ဖူးခိုင်တို့နှင့်အတူ ဟာသသရုပ်ဆောင်များစွာ ပါဝင်ကြသည်။ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသမည်ဖြစ်သည်။

ရွှေ့ဆောင်ရုံတွင် ဒါရိုက်တာ ညွှန့်မြန်မာ ညီညီအောင်ရိုက်ကူးပြီး ရန်အောင်၊ လွင်မိုး၊ အိန္ဒြာကျော်ဇင်၊ တင့်တင့်တွန်း၊ မေသဥ္ဇာဦးနှင့် ဝိုင်းစုခိုင်သိန်းတို့ပါဝင်သည့် မော်ဒန်အချစ်များ ဟာသဇာတ်မြူးဆက်လက်ပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် ပြသဆဲ စိတ်စွမ်းအင်အသားပေး သည်းထိတ်ရင်ဖို ဇာတ်ကား X-MEN THE LAST STAND ဇာတ်ကားဆက်လက်ပြသမည်ဖြစ်သည်။

ရွှေဂုန်ရုံအပေါ်ထပ်တွင် နာမည်ကြီး အက်ရှင်မင်းသားစတားလုံးပါဝင်သည့် စွန့်စားမှုအသားပေး CLIFF HANGER ဇာတ်ကြမ်းကား သောကြာနေ့မှစ၍ ပြသမည်ဖြစ်သည်။

မော်ဒန်အချစ်များ ဇာတ်ကားမှ ရန်အောင်နှင့်အိန္ဒြာကျော်ဇင်တို့၏ သရုပ်ဆောင်ဟန်။

အိန္ဒိယကား

ရွှေဂုန်ရုံမြေညီထပ်တွင် ဒုစရိုက်ဂိုဏ်းများ၏ အကြမ်းဖက် ကလဲ့စားချေမှုကို ဇာတ်လမ်းဆင်ထားသည့် ZIDDI အိန္ဒိယဇာတ်ကြမ်းကား သောကြာနေ့တွင် ပြသမည်ဖြစ်သည်။

မြို့မရုံ

မြို့မရုပ်ရှင်ရုံတွင် မြန်မာ ပရိသတ်အကြိုက် မင်းသားကြီး ရှီရှီကပူးနှင့် အက်ရှင်မင်းသား စူနီးလ်ရှက်တီတို့ ပါဝင် သရုပ်ဆောင်ထားသည့် KUCH KHATTI-KUCH KHATTI အိန္ဒိယဇာတ်ကားရုံတင်ပြသမည်ဖြစ်သည်။ (ကြေးမုံ)



ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်

၂၀၀၆ခုနှစ် ဇူလိုင် ၂၆ ရက် မွန်းလွဲ ၂နာရီထုတ်ပြန်ချက်
ယနေ့နံနက် ၀၉း၃၀ နာရီထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့သည်။ မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** သထုံမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ မိုးကုတ်မြို့တွင် ၃ ဒသမ ၂၂ လက်မ၊ မော်လမြိုင်မြို့တွင် ၃ ဒသမ ၀၃ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ စစ်တွေမြို့တွင် ၂ဒသမ ၈၃လက်မ၊ မကွေးမြို့တွင် ၂ ဒသမ ၆၄လက်မ၊ ရွှေဘိုမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ကျောက်ပန်းတောင်းမြို့တွင် ၂ဒသမ ၁၅ လက်မ၊ ကသာမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ မင်းဘူးမြို့တွင် ၂ ဒသမ ၀၅လက်မနှင့် တံတားဦးမြို့တွင် ၁ ဒသမ ၆၉ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

၂၀၀၆ ခုနှစ် ဇူလိုင် ၂၇ ရက် ညနေအထိ ခန့်မှန်းချက်

စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၀ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၈၇ ဒီဂရီဖာရင်ဟိုက်)	**၂၅-၇-၂၀၀၆**
အနိမ့်ဆုံးအပူချိန် ၂၀ ဒသမ ၁ ဒီဂရီစင်တီဂရိတ် (၆၈ ဒီဂရီဖာရင်ဟိုက်)	**၂၆-၇-၂၀၀၆**
၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၉၆ ရာခိုင်နှုန်း	**၂၆-၇-၂၀၀၆**
နေပူသည့်နာရီပေါင်း ၂ ဒသမ ၉ နာရီခန့်	**၂၅-၇-၂၀၀၆**

မိုးရေချိန်

ရက်စွဲ	**မင်္ဂလာဒုံ**	**ကမ္ဘာအေး**	**ရန်ကုန်မြို့လယ်**
၂၆-၇-၂၀၀၆	၀.၂၀လက်မ	၀.၃၁လက်မ	၁.၈၉လက်မ
၁-၁-၂၀၀၆ရက်မှ ယနေ့အထိ	၄၉.၃၃လက်မ	၅၉.၇၆လက်မ	၆၆.၃၄လက်မ

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၅-၇-၂၀၀၆ရက် ၁၄:၂၀နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၈မိုင်နှုန်း တိုက်ခတ်သည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်သန့်ရှင်းရေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဆိုင်ရာ ဟောပြောပွဲကို ဇူလိုင် ၂၀ရက်က အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ထူးထူးအောင်နှင့် ပညာရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ အင်းစိန်မြို့နယ် ပညာရေးမှူး၊ အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင် ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အစီအစဉ်အရမြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင်က ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများကို ဟောပြောပို့ချသည်။ ထို့နောက် ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကား ပြောကြားသည်။
(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ၁၀ရက်စခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် စက်မှုရပ်ကွက် ပုလဲလမ်း နိဗ္ဗိန္ဒကျောင်းတွင် တွဲဖက်နာယက ဦးဝိလာသ(ငဖဲဆရာတော်)က ဩဂုတ် ၃ ရက်မှ ၁၂ ရက်ထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါးတရားများကို ဟောကြားမည်ဖြစ်၍ တရားစခန်းဝင်မည့် ယောဂီများ ဖုန်း-၀၉၅၁၆၅၂၅၆ သို့ ဆက်သွယ် စာရင်းပေးနိုင်ကြောင်း အမှုဆောင်အဖွဲ့မှ နှိုးဆော်ထားသည်။
(က-ပ)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဇူလိုင် ၁၄ရက်မှ စတင် တိုက်ခတ်ခဲ့သော ဘီလစ်ခေါ် အပူပိုင်းမုန်တိုင်းဒဏ်ကြောင့် ဟူနန်၊ ကွမ်တုန်း၊ ကွမ်ရှီးနှင့် ဖူကျန့် ပြည်နယ်များ၌ ရေကြီးမှု၊ မြေပြိုမှုနှင့် လမ်း၊ တံတားပျက်စီးမှုများကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လီကျောက်ရှင်းထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

ကွယ်လွန်သူနှစ်ဖက်သောမိဘများအားရည်စူး၍ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၄၉လမ်းနေ ဦးမောင်မောင်ကြီး-ဒေါ်အေးအေးခင်၊ သားသမီးမြေးမြစ်တစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်နှစ်သိန်းကို အနုနာယကဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စ ထံရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန)ဘဏ္ဍာတော်ငွေထိန်း ဦးတင့်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။
(ကြေးမုံ)

မာဒေးကားဖလား ဘောလုံးပြိုင်ပွဲအတွက် လူရွေးခြေစမ်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၆

၂၀၀၆ခုနှစ် ဩဂုတ် ၂၃ရက်မှ ၂၉ရက်အထိ မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၃၈)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်နေသည့် မြန်မာလက်ရွေးစင် ဘောလုံး အသင်းအပြီးသတ်လူရွေးပွဲအတွက် ဇူလိုင် ၂၇ရက်နှင့် ၂၉ရက်တွင် အောင်ဆန်း အားကစားပြိုင်ကွင်း၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆိုပါ လက်ရွေးစင်ရွေးချယ်ရေး ခြေစမ်းပွဲတွင် ရွေးချယ်လေ့ကျင့်ပေးနေသည့် ပဏာမ ကစားသမား ၃၁ ဦး အပြင် ကျင်းပပြီးစီးခဲ့သည့် မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံး ပြိုင်ပွဲတွင် ခြေစွမ်းပြခဲ့ကြသည့် မျိုးလှိုင်ဝင်း(ဘဏ္ဍာ/အခွန်)၊ မင်းသူ(စီးပွား/ကူးသန်း)နှင့် အောင်ကျော်ထွန်း(သစ်တော)တို့ သုံးဦးကိုပါ အားဖြည့်ထည့်သွင်း ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် မာဒေးကားဖလားပြိုင်ပွဲ၌ အိမ်ရှင်မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှားတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် မာဒေးကားဘောလုံးပြိုင်ပွဲတွင် ချန်ပီယံသုံးကြိမ်၊ (ပူးတွဲချန်ပီယံတစ်ကြိမ် အပါအဝင်)၊ ဒုတိယသုံးကြိမ်နှင့် တတိယ လေးကြိမ် ရရှိခဲ့သည်။

လူရွေးခြေစမ်းပွဲကို ညနေ ၃နာရီခွဲတွင် စတင်မည်ဖြစ်ပြီး ဝင်ကြေးကျပ် ၃၀၀ သတ်မှတ်ထားသည်။
(ကြေးမုံ)

အကြိမ်(၅၀)မြောက် သွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၆

စစ်ကိုင်းတိုင်း ဆည်မြောင်းဦးစီးဌာနမှ ဦးဟုတ်ကြည်(ညွှန်ကြားရေးမှူး) **(ဝဲပုံ)**သည် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မုံရွာမြို့ ပြည်သူ့ဆေးရုံ သွေးလှူဘဏ်သို့ ဇွန် ၂၁ရက်က အကြိမ်(၅၀)မြောက် သွေးလှူဒါန်းခဲ့သည်။
(တိုင်းပြန်/ဆက်)

စစ်သွေးရသစုံမဂ္ဂဇင်း ဩဂုတ်လ ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၆

တာဝန်ခံအယ်ဒီတာ လွင်သောင်းဝေ၏ ၂၀၀၆ခုနှစ် ဩဂုတ်လအတွက် စစ်သွေး ရသစုံမဂ္ဂဇင်းကို တောင်ဥက္ကလာပမြို့နယ် ၁၄/၂ ရပ်ကွက် သံသုမာလမ်း သီရိမြင်သာ ဈေးအတွင်း မြရတနာစာပေ ဖုန်း-၅၇၈၆၇၀၊၃၉၉၇၇၃ မှ တစ်ပြည်လုံးသို့ ထုတ်ဝေ ဖြန့်ချိလိုက်ပြီဖြစ်သည်။

စစ်သွေးရသစုံ မဂ္ဂဇင်းတွင် ကားရိုက်တွေ စိပ်လာတဲ့ လီဆူးတိုင်းရင်းသူလေး ခင်လေးနွယ်နှင့် အင်တာဗျူး၊ သောင်းဝေဦး၏ အာဂယောက်ျား တကယ့်စစ်သား၊ နွမ်ဂျာသိုင်းရဲ့ လွမ်းစိတ်မတူ၊ အောင်မြင်ခြင်းများဆီသို့ ရောက်ရှိလာသော Mandy Moore၊ ထင်ရှားအောင်မြင်အနုပညာ ဖန်တီးရှင်တစ်ဦးဖြစ်သော ခတ်ပုံပီတာနှင့် တွေ့ဆုံခြင်း၊ တင်လတ်သန္တာဖိုလ်ရဲ့ Seal & Heidi တေးသီငှက်နှင့် အလှနတ်သမီးတို့၏ အချစ်ကမ္ဘာအသစ်မှာ၊ ဇာနည် (Korea Wave) ရဲ့ သွက်လက်ထက်မြက်တဲ့ ရဲမေယိုး(ဂျွန်ဂျင်ဟေး)ရဲ့ အကြောင်း၊ ဆောင်းပါး၊ ဝတ္ထုများပါဝင်ပြီး ကဗျာ၊ ကာတွန်း ရသစုံလင်၍ သရုပ်ဆောင် ခင်လေးနွယ်၏ ချစ်စဖွယ် မျက်နှာဖုံးဖြင့် မဂ္ဂဇင်းပရိသတ်များအတွက် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။
(သတင်းစဉ်)

ဩဂုတ်လအတွက် ထုတ်ဝေဖြန့်ချိ လိုက်သော စစ်သွေးရသစုံ မဂ္ဂဇင်း မျက်နှာဖုံးကိုတွေ့ရစဉ်။
(သတင်းစဉ်)

အာရှပတ်လည် မြားပစ်ပြိုင်ပွဲ မြန်မာအဖွဲ့ ငွေတစ်ခု၊ ကြေးတစ်ခု ထပ်မံရရှိ

ရန်ကုန် ဇူလိုင် ၂၆

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပလျက်ရှိသည့် ၂၀၀၆ခုနှစ် ဒုတိယအကြိမ် ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲတွင် မြန်မာအဖွဲ့သည် ဇူလိုင်၂၅ရက် ပွဲစဉ်များအပြီး၌ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိသည်။

မြန်မာမြားပစ်အဖွဲ့အတွက် ငွေတံဆိပ်တစ်ခုကို တင်ဇင်အိက Compound အမျိုးသမီးတစ်ဦးချင်း (ရှုံး/ထွက်)ပြိုင်ပွဲတွင် ဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်သည်။ တင်ဇင်အိသည် ဒုတိယအဆင့် ရှုံး/ထွက်ပြိုင်ပွဲ၌ အိန္ဒိယကိုလည်းကောင်း၊ ကွာတားဖိုင်နယ်တွင် ထိုင်းကို လည်းကောင်း၊ ဆီမီးဖိုင်နယ်တွင် မလေးရှားကိုလည်းကောင်း အသီးသီးအနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ ဗိုလ်လုပွဲတွင်အာရှ Compound ထိပ်သီးအားကစားမယ် AMYA PAZ(ဖိလစ်ပိုင်)နှင့် အကြိတ်အနယ် ယှဉ်ပြိုင်ပြီး ၁၀၉မှတ် ၁၁၀မှတ်ဖြင့် နိုင်ကာ ဒုတိယငွေတံဆိပ် ရရှိခဲ့ ခြင်းဖြစ်သည်။ ရွှေ(၁)၊ ငွေ(၁)ရထားသူ တင်ဇင်အိသည် ပြိုင်ပွဲဝင် Compourd အမျိုးသမီး ၂၄ဦးအနက် ဒုတိယနေရာတွင် ရပ်တည်လျက် ရှိသည်။ အမျိုးသား မီတာ(၇၀) Compourd ပြိုင်ပွဲ၌ လင်းနိုင်က ကြေးတံဆိပ် ရရှိသည်။

မြန်မာမြားပစ်အားကစားအဖွဲ့သည် ဇူလိုင် ၂၅ရက်အထိ ရွှေ(၁)၊ငွေ(၁)၊ ကြေး(၂)ဆွတ်ခူးရရှိထားကြောင်း သိရသည်။
(ကြေးမုံ)

အင်းစိန်မြို့နယ် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်း စော်ဘွားကြီးကုန်းရပ်ကွက်၌ စင်သုံးစင်ဆိုင်းဘုတ်ထူပွဲအခမ်းအနားကို ဇူလိုင် ၂၄ရက်က ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြင့်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အုန်းကြိုင်တို့က ဆိုင်းဘုတ်စိုက်ထူဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။
(၆၁)

လှူဒါန်း

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးကျော်ခင်မြင့်ထံသို့ သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်မာချို၊ ဒေါ်သင်းသင်းခိုင်တို့က ငွေကျပ် ၁၅၀၀၀၀ လှူဒါန်းစဉ်။
(က-ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မဟာဗောဓိပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ အမှူးပြုသော သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ အထူးဖိတ်ကြားထားသူများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက နှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရား ကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် မဟာဗောဓိ ပရိယတ္တိ စာသင်တိုက် ဦးစီး ပဓာန နာယက ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် သံဃာတော် အရှင်သူမြတ်များက ပရိတ် တရားတော်များ ရွတ်ဖတ် သရဇ္ဈာယ် ချီးမြှင့်တော်မူကြပြီး ပရိသတ်များက သံဃာတော် အရှင်သူမြတ်များအား ဝါဆို သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်း များ ဆက်ကပ်လှူဒါန်းကြသည်။

အမှူးပေးဝေ

ထို့နောက် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ဝင် မဟာ ဗောဓိပရိယတ္တိ စာသင်တိုက် ဦးစီး ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာ ဘိဝံသထံမှ အနုမောဒနာတရား နာယူကြပြီး ရေစက်သွန်းချ အမျှ ပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ရုပ်သိမ်းလိုက် ပြီး သံဃာတော် အရှင်သူမြတ် များအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ အထူးဖိတ်ကြားထားသူ များ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များက ဆရာတော်ထံ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် နှစ်ဖက်သော မိဘများကို ရည်စူး၍ တနင်္သာရီတိုင်း မြိတ်မြို့ကွက်သစ် (ဒီ)လမ်းနေ ဦးဘထွန်း- ဒေါ်သန်းမြင့် တို့က အလှူတော်ငွေကျပ် သုံးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ ခုနှစ် ဇူလိုင်လအတွက် နောက်ဆုံးပတ်
(တနင်္ဂနွေနေ့) (၃၀-၇-၂၀၀၆)ရက်နေ့
၂၀၀၆ ခုနှစ် ဩဂုတ်လအတွက်
(၁၃-၈-၂၀၀၆)ရက်နေ့
နှင့်
၂၇-၈-၂၀၀၆ ရက်နေ့

ခေါင်းဆောင်မှု အရည်အသွေးအကြောင်း ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

SMART Technical Services မှ မန်နေဂျင်း ဒါရိုက်တာ ဦးကျော်ကျော်လှိုင် ဟောပြောသည့် Developing Leadership Skills to Become Rich and Famous ဆွေးနွေးပွဲကို ဇူလိုင် ၂၂ ရက်က ရန်ကုန်မြို့ Grand Plaza Parkroyal တွင် မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပရာ ကုမ္ပဏီ အသီးသီးမှ မန်နေဂျာ အဆင့်ဆင့်၊ CEOစီးပွားရေးနှင့် စီမံခန့်ခွဲမှု မဂ္ဂဇင်းကို ကြိုတင်ငွေသွင်း ဖတ်ရှုသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

Developing Leadership Skills to Become Rich and Famous ဆွေးနွေးပွဲတွင် SMART Technical Services မှ မန်နေဂျင်း ဒါရိုက်တာ ဦးကျော်ကျော်လှိုင် ဟောပြောစဉ်။

(သတင်းစဉ်)

မေးမြန်း

ဆွေးနွေးပွဲတွင် ဦးကျော်ကျော်လှိုင်က ချမ်းသာ ကျော်ကြားသူတိုင်းနီးပါးတွင် Leadership Skills ရှိကြပြီး Leadership Skills ရှိသူများသည် လည်း ချမ်းသာ ကျော်ကြားသူဖြစ်နိုင်ကြောင်းကို ဦးတည်ဟောပြော ဆွေးနွေးသွားခဲ့ပြီး Leadership Skills တိုးတက်လာအောင် လုပ်ကိုင်ရမည့် နည်းလမ်းများနှင့် Leadership Management ကွဲပြားပုံတို့ကို ဟောပြောသည်။ တက်ရောက်လာကြသူများက လည်း ထပ်မံသိလိုသည်များကို မေးမြန်းကြသည်။

ထိုဆွေးနွေးပွဲကို တူဒေး စာအုပ်တိုက်၏ လစဉ်ထုတ် မဂ္ဂဇင်းဖြစ်သည့် CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက စီစဉ်ပြီး Gold Roast Gold ကော်ဖီမစ်နှင့် Nibban Electric & Electronics တို့က ပံ့ပိုးကူညီခဲ့ခြင်းဖြစ်သည်။ အခမ်းအနားသို့ တက်ရောက် လာကြသူများအား တူဒေးတိုက်ထုတ် စာအုပ်အချို့ကို ၁၀ရာခိုင်နှုန်း လျှော့နှုန်းဖြင့် လည်းကောင်း၊ MDG မှ Gold Roast ကော်ဖီမစ်၊ Gold Roast Gold ကော်ဖီမစ်၊ Calsomeကွေကာ၊ Royal Myanmar Tea Mix၊ Fresh Up Lemon Tea စသည့် စားသောက်ကုန်များကို ၅ရာခိုင်နှုန်းမှ ၁၀ရာခိုင်နှုန်းအတွင်း လျှော့နှုန်း အသီးသီးဖြင့် လည်းကောင်း ရောင်းချခဲ့ပြီး Nibban ကလည်း အရည်အသွေးမြင့် မီးအားမြှင့်စက်များကို နမူနာပြသခဲ့သည်။

(သတင်းစဉ်)

ဒဂုံမြို့သစ် (မြောက်ပိုင်း) (၄၀)ရပ်ကွက်၊ တပင်ရွှေထီး လမ်းနေ မိခင်ကြီး ဒေါ်ငွေအား ရည်စူး၍ ဒေါ်တင်ကြည်၊ ဒေါ်မြဆင့်၊ ဒေါ်စန်းစန်းရီတို့က သင်္ဃန်းကျွန်းမြို့နယ် (၁၆/၂) ရပ်ကွက်၊ ဗြဟ္မဝိဟာရ ပရိယတ္တိ စာသင်တိုက်ရှိ နာရေးကူညီမှု အသင်း(ရန်ကုန်)သို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ တွဲဖက်အတွင်းရေးမှူး(၂) ဦးဝင်းနိုင် လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဂန္ဓကုဋိတိုက် အုတ်မြစ်တော်စီ မင်္ဂလာကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ သမိုင်းဝင် မဟာမေ့မ္မရုံသီ အိမ်တော်ရာ စေတီတော်မြတ်ကြီး၏ ရင်ပြင်ပေါ်တွင် တည်ထား ကိုးကွယ်မည့် ရွှေသာလျောင်း ကျောက်ဆင်းတုရုပ်ပွားတော် သီတင်း သုံးတော်မူရန် ဂန္ဓကုဋိတိုက် အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရင်ပြင်တော်ပေါ်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်း ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ အမှူးပြုသော ပင့်သံဃာတော်များကြွရောက် ကြည်ညိုကြသည်။ အဆိုပါ ဂန္ဓကုဋိတိုက် တည်ဆောက်မှုလုပ်ငန်းတွင် လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း-၃၈၃၇၉၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(က-ပ)

အောင်စကြာမိုးကုတ်ရိပ်သာ ဝါတွင်းတရားစခန်းပွဲများ

ရန်ကုန် ဇူလိုင် ၂၆

သာကေတမြို့နယ်၊ အောင်စကြာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီး၌ ဝါတွင်းတရား စခန်းပွဲများကို ကျင်းပမည်ဖြစ်ရာ ဇူလိုင် ၃၀ရက်မှ ဩဂုတ် ၈ ရက်အထိ ဦးဩဘာသ (လေးထောင့်ကန်တောင်ကျောင်းကြီး)၊ ဩဂုတ် ၁၃ ရက်မှ ၂၂ ရက်အထိ ဦးကုဏ္ဍလ(ဝမ်းသာရွှေကျောင်း)၊ ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၆ ရက်အထိ ဦးပဏ္ဍိတ(ပိဋကတ်နှစ်ပုံဆောင်)၊ စက်တင်ဘာ ၁၂ ရက်မှ ၂၁ ရက်အထိ ဦးဝိစိတ္တ (ဖွဲ့စုံသာသနာရာမကျောင်း) စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ဦးစန္ဒသိရီ (အောင်စကြာ)နှင့် ဆရာ ဦးဆန်းတင်တို့က သစ္စာလေးပါး တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ စခန်းဝင်လိုသူများသည် ကျောင်းတိုက် ဖုန်း- ၅၄၇၀၂၈ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် အချိုပွဲများ လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

အများသိစေရန်

မိုးကုတ်မြို့၊ ကြက်ပြင်မြို့မရပ်ကွက်၊ ကပ/၁၇၄နေ ဒေါ်အေး (ခ) ဒေါ်အေးအေးမင်း (DS. 009527) ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် သတိပေးကြေညာလိုက်သည်။

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၇လမ်း(အထက်)အမှတ် - ၂၀၀(သုံးထပ်)တိုက်ခန်းနေ ဒေါ်ငွေငွေမင်း(ကွယ်လွန်)ကျန်ရစ်သော တိုက်ခန်း၊ အတွင်းပစ္စည်းရွှေငွေရတနာများနှင့် ဒေါ်ငွေငွေမင်း ပိုင်ဆိုင်သော အရပ်ရပ်ဆိုင်ရာပစ္စည်းများအား ဒေါ်ငွေငွေမင်း၏ အစ်မအရင်းဖြစ်သူ ဒေါ်အေး (ခ)ဒေါ်အေးအေးမင်း၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်း၊ ငှားရမ်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်းခြင်းနှင့် အမည်ပြောင်းခြင်းမပြုလုပ်ရန် တားမြစ်ကြေညာလိုက်သည်။ အကယ်၍ ဒေါ်အေး (ခ)ဒေါ်အေးအေးမင်း၏ သဘောတူခွင့်ပြုချက် မရှိဘဲ ဒေါ်ငွေငွေမင်းပိုင် ပစ္စည်းများအား လွှဲပြောင်း၊ ငှားရမ်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်းခြင်းနှင့် အမည်ပြောင်းမှု ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးကြေညာလိုက်သည်။

ဒေါ်အေး(ခ)ဒေါ်အေးအေးမင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်ယု(ဆကာကြီး)	**ဒေါ်ခိုင်မေလှိုင်**
စဉ်- ၈၂၉၃	(LL.B)
အထက်တန်းရှေ့နေကြီး	**စဉ်-၂၄၄၂၆**
	အထက်တန်းရှေ့နေ

အမှတ် ၁၉/၄၃၊ ဗိုလ်ဆွန်ပက်(အောက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၂၀၁၄။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကိုရီးယားသမ္မတနိုင်ငံ စစ်သံမှူးများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၆

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ စစ်သံမှူး Colonel, Shim Jae-Koo **နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့်** Colonel, Lae Nae Chan **တို့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ လက်ခံတွေ့ဆုံသည်။**

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီး ချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင် ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံ တော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ စစ်သံမှူး Colonel, Shim Jae - Koo **နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့်** Colonel, Lae Nae Chan **တို့အား နေပြည်တော်ရှိဘုရင့်နောင်ရိပ်သာ ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကုလသမဂ္ဂဆိုင်ရာ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် အာရှနှင့်ပစိဖိတ် ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကတ်)၏ အမှုဆောင် အတွင်းရေးမှူး ဒေါက်တာကင်ဟတ်စုအား နေပြည်တော်ရှိ ဝန်ကြီး ချုပ်ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကုလသမဂ္ဂဆိုင်ရာ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် အက်စကတ်၏ အမှုဆောင်အတွင်းရေးမှူးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကုလသမဂ္ဂဆိုင်ရာ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကတ်)၏ အမှုဆောင်အတွင်းရေးမှူး ဒေါက်တာကင်ဟတ်စုနှင့်အဖွဲ့အား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ စာမျက်နှာ ၇ ကော်လံ ၁ သို့ ❐

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်ထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဇူလိုင် ၁၄ ရက်မှ စတင်တိုက်ခတ်ခဲ့သော ဘိလစ်ခေါ် အပူပိုင်း မုန်တိုင်းဒဏ်ကြောင့် ဟူနန်၊ ကွမ်တုန်း၊ ကွမ်ရှီးနှင့် ဖူကျန့် ပြည်နယ်များ၌ ရေကြီးမှု၊ မြေပြိုမှုနှင့် လမ်း၊ တံတားပျက်စီးမှုများကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ – နိုင်ငံတော် ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

မကြာသေးမီ ရက်ပိုင်းများမှစ၍ လူအချို့တွင် မျက်စိနာရောဂါများ ဖြစ်ပွားလျက်ရှိကြောင်း တွေ့မြင်ရသည်။ မျက်စိနာ မျက်မြေးရောင်သူအများစုသည် ရုတ်တရက် မျက်စိနီရဲလာပြီး မျက်ရည်ကျခြင်း၊ ယားယံခြင်းတို့ကြောင့် ပွတ်သပ်မိရာမှ မျက်စိနာလာကြခြင်း ဖြစ်သည်။

(ခေါင်းကြီး) စာမျက်နှာ–၂

မွန်မြတ်သန့်စင်သော ရည်ရွယ်ချက် မူဝါဒများ အခိုင်အမာချမှတ်လျက် အသင်း၏လုပ်ငန်းဆိုင်ရာ အသေးစိတ်အဖွဲ့ လေးဖွဲ့ကိုဖွဲ့စည်းကာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အသင်းဝင်များသည် ပြည်နယ်နှင့်တိုင်း အသီးသီးတွင် တက်ကြွနိုးကြားစွာ လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်မှာ ၁၅ နှစ်ကျော် တိုင်ခဲ့ပြီဖြစ်ပါသည်။

ထွေးထွေးလှ(လှိုင်လင်)၏ **"ကရုဏာနှလုံးသားနှင့် မုဒိတာအပြုံးများ" (ဆောင်းပါး)** စာမျက်နှာ–၃